၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ တနင်္လာနေ့ (9-9-2013) (၇၅၉၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကိုရီးယားအလုပ်သမားပါတီ ပထမအတွင်းရေးမှူး အမျိုးသားကာကွယ်ရေးကော်မရှင် ပထမဥက္ကဋ္ဌနှင့် ကိုရီးယား ပြည်သူ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မစ္စတာ ကင်ဂျုံအွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပတ်ပုန်ဂျူး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တီမောလက်စ်တေနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးနှင့် လုံခြုံရေးရာဝန်ကြီး မစ္စတာ ကေ ရာလာ ဇာနာနာ ဂူစ်မာအိုနှင့် ဇနီး မစ္စစ် ကာစ်တီ ဆဝဒ် ဂူစ်မာအို တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ပြုပြင်ပြောင်းလဲမှုများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားရမည်

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း(**ယာပုံ**)သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးရှိ သီရိအဏ္ဏဝါခန်းမ၌ ပြုလုပ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာ၌ နယ်ပယ်အသီးသီးရှိ ပြည်သူများ၏ ဆန္ဒသဘောထားများကို သိရှိရန် သွားရောက်နားထောင်ခဲ့ပါကြောင်း၊ မွေးမြူရေးလုပ်ငန်းအပါအဝင် အခြားစားနပ်ရိက္ခာနယ်ပယ်မှ တိုက်ရိုက်ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူများအပါအဝင် အဖွဲ့အစည်းများနှင့်ပတ်သက်သည့် ပြည်သူလူထုများ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံပြီး လိုအပ်ချက်များ၊ ဆန္ဒများကိုကြားသိရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံပွဲမှ ဆွေးနွေးအကြံပြုချက်များသည် ဥပဒေများပြုရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ခုတည်းပြုပြင်ပြောင်းလဲ၍ မရပါကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို

စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆



သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာ့လက်ရွေးစင်မြားပစ်ကစားသမားများလေ့ကျင့်နေစဉ်။

မြန်မာမြားပစ်အဖွဲ့ ပြင်းပြင်းထန်ထန်လေ့ကျင့်နေ

ရန်ကုန် စက်တင်ဘာ ၈

နှစ်ပေါင်း(၄၄)နှစ်အကြာတွင် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခွင့်ရခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာမြားပစ်အဖွဲ့သည် ပဏာမလက်ရွေးစင်ကစားသမား ၂၀ ဦး ဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိသည်။

မြန်မာမြားပစ်အဖွဲ့သည် ဆီးဂိမ်းမတိုင်မီဝင်ရောက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများကို ယှဉ်ပြိုင်ပြီးဖြစ်သလို တောင်ကိုရီးယားနိုင်ငံသို့လည်း တစ်လကြာသွားရောက်လေ့ကျင့်ထားသည့် အတွေ့အကြုံက ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေးလုံလောက်ပေသည်။ တောင်ကိုရီးယားလေ့ကျင့်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာမြားပစ်အဖွဲ့သည် နေပြည်တော်တွင် ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ ပဏာမလက်ရွေးစင်ကစားသမားများ၏ အရည်အသွေးပိုမိုတိုးတက်စေရန်အတွက် ဇွန်လမှစ၍ လစဉ်လက်ရည်စစ်ပွဲများ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံစာတည်းရှုထောင့် — ၉-၉-၂၀၁၃၊ တနင်္လာနေ့

ညှော့ဝတ်ကျေပွန်စွာဖြင့်

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်ပေါများစွာတည်ရှိသည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာစေတီ၊ ပုထိုး စသည့် သာသနိကအဆောက်အအုံများစွာ တည်ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံများအလယ် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေနိုင်ခြင်းဖြစ်သည်။

ယင်းရှေးဟောင်းအမွေအနှစ်လက်ရာများကပင် ကမ္ဘာလှည့်ခရီးသွားများကို အဓိကဆွဲဆောင်လျက်ရှိပြီး ကမ္ဘာပေါ်ရှိ ခရီးသွားများ လာရောက်လည်ပတ်မှု အများဆုံးစာရင်းတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်နေခြင်းပင်ဖြစ်သည်။ ထို့ပြင် အိမ်သာ၍ဧည့်လာဆိုသည့်အတိုင်း မြန်မာလူမျိုးတို့၏ ရိုးသားဖြူစင်မှုနှင့် ဖော်ရွေပျူငှာမှုစသည့် ချစ်စရာဓလေ့စရိုက်များကလည်း ခရီးသွားများကို လက်ယပ်ခေါ်နေသကဲ့သို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်ရာဒေသများအနက် ပုဂံဒေသသည် ပထမမြန်မာနိုင်ငံတော်အဖြစ် စတင်တည်ထောင်ခဲ့သောဒေသဖြစ်ခြင်း၊ ရှေးဟောင်းသမိုင်းဝင် အနုပညာလက်ရာ စုံလင်လှသည့်စေတီ၊ ပုထိုးပေါများစွာတည်ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပခရီးသွားများ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းမှ မပြတ်ဝင်ရောက်ရာဒေသဖြစ်သည်။

ထို့အပြင် ပုဂံသူ၊ ပုဂံသားတို့၏ ရိုးသားဖြူစင်ပွင့်လင်းသည့် အပြောအဆို၊ အနေအထိုင်တို့ကလည်း ခရီးသွားများ နှစ်ခြိုက်စရာပင်ဖြစ်သည်။ အညာမြေ၏ နေပူပူ၊ ဖုန်ထူထူကို ဂရုမထားဘဲ ယင်းကဲ့သို့ ခရီးသွားများ မပြတ်ဝင်ရောက်နေခြင်းမှာ မိမိတို့ ပုဂံဒေသအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ မိမိဒေသသို့ ရောက်လာသော ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်ရမည်မှာ အိမ်ရှင်ပုဂံဒေသသားတို့၏ ဝတ္တရားပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မြန်မာလူမျိုးများသည် ဗုဒ္ဓအဆုံးအမနှင့်အညီ ဘာသာတရားလေးစားလိုက်နာသူများဖြစ်ပြီး ရိုးသားဖြူစင်သည်၊ ဖော်ရွေပျူငှာသည်ဟူသော ဂုဏ်ပုဒ်များကို ပိုင်ဆိုင်ထားသူများဖြစ်ပါသည်။ အထူးသဖြင့် အညာဒေသ ပုဂံသူ၊ ပုဂံသားတို့မှာ ရိုးသားဖြူစင်ပွင့်လင်းသူများဟုပင် ခရီးသွားများက မှတ်ယူထားကြသည်။ ယင်းဂုဏ်ပုဒ်များနှင့်အတူ မိမိတို့ဒေသသို့ ရောက်လာသော ပြည်တွင်း ပြည်ပခရီးသွားများကို အိမ်ရှင်ပီသစွာဖြင့် တတ်နိုင်သမျှကူညီစောင့်ရှောက်ရပေမည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးလမ်းသို့ လျှောက်လှမ်းလာသည်မှာ နှစ်နှစ်ကျော်ရှိလာသည်နှင့်အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပွင့်လင်းမြင်သာမှုရှိလာပြီဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ ယခင်ကထက်ပိုမို ဝင်ရောက်လာသည်ကို တွေ့ရသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိသကဲ့သို့ ခရီးသွားလုပ်ငန်းကို အမှီပြုနေသော ဒေသခံပြည်သူများအတွက်လည်း ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။

ဤသို့ ခရီးသွားများမပြတ်ဝင်ရောက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများအလယ် ရိုးသားဖြူစင်ပွင့်လင်းသည်ဟူသော ဂုဏ်ပုဒ်များပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ အရှက်ရ၊ သိက္ခာကျဆင်းစေမည့် အပြုအမူများကို ရှောင်ကြဉ်အပ်ပေသည်။

မြန်မာနိုင်ငံတွင်မှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံဒေသသားဖြစ်ရသည်ကို ဂုဏ်ယူပြီး မိမိတို့ဒေသသို့ ရောက်လာသော ခရီးသွားများကို ဖြူစင်သောစိတ်ထားဖြင့် နွေးထွေးပျူငှာစွာ ကြိုဆိုရပေမည်။ အိမ်သာမှ ဧည့်လာဆိုသကဲ့သို့ ဧည့်သည်များလာချင်အောင် ဆွဲဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ လုံခြုံချောမွေ့မှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အားသွန်ခွန်စိုက်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများဘက်ကလည်း ပူးပေါင်းပါဝင်သင့်ပေသည်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဟူသော ဂုဏ်ပုဒ်ကို မစွန်းထင်းစေလိုသောဆန္ဒမွန်ဖြင့် ရေးသားလိုက်ရပါသည်။ ။

လမ်းအသုံးပြုကြသူများဟုဆိုလျှင် စက်ဘီး၊မော်တော်ယာဉ်နှင့် ခြေကျင်လျှောက်သူများအားလုံးပါဝင်

ရန်ကုန် စက်တင်ဘာ ၈

လမ်းအသုံးပြုကြသူများဟုဆိုလျှင် စက်ဘီး၊ မော်တော်ယာဉ်နှင့် ခြေကျင်လျှောက်သူများအားလုံးပါဝင်ပြီး လမ်းပေါ်ရောက်ရှိချိန်တွင် အသိ၊ သတိထားရှိကြရမည်ဖြစ်ကြောင်းနှင့် မိမိအတွက်ကြောင့် အများပြည်သူ အနှောင့်အယှက် မဖြစ်စေသင့်ကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

စက်ဘီး စီးနင်းကြသူများမှာ ပလက်ဖောင်းအနီးကပ်၍ မစီးကြဘဲ လမ်းမအလယ်မှ စီးနင်းနေကြကြောင်း၊ အဆိုပါ စက်ဘီးစီးနင်းကြသူများနှင့် စပ်လျဉ်း၍ "စက်ဘီးဆိုတာကအရှိန်နဲ့ စီးနင်းရတာပါ၊ စက်ဘီးဆိုတာ Control မညီပါဘူး၊ အရှိန်နှုန်းနည်းတာနဲ့ ဟိုယိုင် ဒီယိုင်ဖြစ်တတ်ပါတယ်၊ ဒါကြောင့်မို့ စက်ဘီး စီးနင်းလာကြသူများကို တွေ့ရင် ဝေးဝေးကရှောင်သင့်ပါတယ်၊ ဖုန်းပြောပြီးလမ်းကူးနေကြတဲ့သူတွေလည်းရှိတယ်၊ တချို့ဆို နားကျပ်ကနားမှာ ထိုးထားတော့ ကားရဲ့ မောင်းလာတဲ့အသံလည်းမကြား၊ ဟွန်းသံလည်း မကြားဆိုတော့ ဒီမှာတင် ဖုန်းပြောတဲ့သူကော ကားမောင်းသမားကော အန္တရာယ်က နှစ်ဖက်လုံးအတွက် ဖြစ်စေရပါတယ်"ဟု မထသ(ဗဟို)မှ တာဝန်ရှိသူများက ပြောကြားသည်။

"ဒီလိုပဲ ယာဉ်မောင်းတွေကျပြန်တော့လည်း သူတို့အတွက်ကွေ့ကြောအတွက် မြားပေးထားတယ်၊ ဒါကို ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တာနဲ့ ကွေ့ကြောမြားကနေ မကွေ့ကြဘူး၊ ကျန်တဲ့အတည့်မြားကနေ ချိုးကွေ့ဝင်နေကြတယ်၊ ဒါတွေက ယာဉ်မောင်းနေကြသူတွေရဲ့ စည်းကမ်းမလိုက်နာမှုတွေပါ၊ လိုင်းပြေးဆွဲနေတဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကိုလည်း အပတ်စဉ် အမြဲသင်တန်းတွေ ပို့ချပေးပါတယ်၊ ပို့ချတဲ့အရာတွေကို လက်ခံကြရင် ၅၀ ရာခိုင်နှုန်းတော့ရကြမှာပါ၊ ဒီလိုပဲ ဆင့်ကဲဆင့်ကဲ ထပ်ကာတလဲလဲ အမြဲပြောပေးနေမှ သူတို့လည်းစည်းကမ်းလိုက်နာကြမှာပါ၊ များများလိုက်နာမှ အမှုတွေလည်းလျော့နည်းသွားမှာပေါ့နော်၊ ဒီအရာတွေအားလုံး တဖြည်းဖြည်း လျော့နည်းသွားအောင်တော့ လုပ်လို့ရပါတယ်၊ ပပျောက်သွားအောင်တော့ လုပ်လို့ရမှာမဟုတ်ပါဘူး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ဒီလိုပြဿနာတွေက ရှိနေ၊ ဖြစ်နေကျပါ" ဟု မထသ(ဗဟို)မှ တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သောဩဂုတ်လက မထသ(ဗဟို)ကြီးကြပ်မှုအောက်ရှိယာဉ်လိုင်းများ၏ ယာဉ်တိုက်မှုစာရင်းအရ ယာဉ်တိုက်မှုပေါင်း ၂၂ မှုရှိနေခဲ့ကာ ယင်းယာဉ်တိုက်မှုပေါင်း ၂၂ မှုအတွင်းမှ လမ်းသွယ်များက ဖြတ်ထွက်ကြသော စက်ဘီးများကြောင့် ယာဉ်တိုက်မှု ခြောက်မှု၊ ပေါ့ဆလမ်းဖြတ်ကူးသူများကြောင့် ယာဉ်တိုက်မှုငါးမှုရှိနေပြီး ဇန်နဝါရီလမှ ဩဂုတ်လအထိ အရေးယူခဲ့သော ယာဉ်လိုင်းများ၏အမှု ပေါင်း ၄၄၀၅ မှုရှိနေကြောင်း မထသ(ဗဟို)မှ စုံစမ်းသိရှိရသည်။ **(ဝ၄ဝ)**

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာ တရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနတို့တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာရေးနှင့် အလှူငွေလက်ခံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေ(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး(ဒုတိယ မြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ စက်တင်ဘာ ၈

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပိတောက်ဆောင်၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ယင်းနေ့အထိမ်းအမှတ်အဖြစ် ပေးပို့သောသဝဏ်လွှာကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်က ဖတ်ကြားပြီး တိုင်းဒေသကြီးအဆင့် ပိုစတာပြိုင်ပွဲဒုတိယဆုရ မောင်မြတ်ဘုန်းထွဋ် (လေ့ကျင့်ရေးအလက)အား ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်သန်းအေးက လည်းကောင်း၊ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မခတ္တာမိုး ဒသမတန်း (မြစ်ခြေ အထက)အား မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းမြင့်က လည်းကောင်း၊ မြို့နယ်အဆင့်ပိုစတာပြိုင်ပွဲ ပထမဆုရ မောင်ဖြိုးသူ သတ္တမတန်း (မြစ်ခြေအထက)အား မြို့နယ်စီမံကိန်းဦးစီးမှူး ဦးအောင်လင်းဇော်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အောင်-မန်းတက္ကသိုလ်)**

ကားမှတ်တိုင်သတ်မှတ်ပေးစေချင်

ရန်ကုန် စက်တင်ဘာ ၈

ဗဟန်းမြို့နယ် ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းမှ သံပေါင်ကြီးများတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း မြောက်ဥက္ကလာနှင့် မြောက်ဒဂုံတို့ဘက်မှလာသော ခရီးသည်တင်လိုင်းကားများအား လမ်းကြောင်းပြောင်းလဲပြေးဆွဲလျက်ရှိရာ ရွှေဂုံတိုင်မှ ရန်ကုန်(ဆူးလေ)ဘက်သို့သွားလိုသည့် ခရီးသွားပြည်သူများနှင့်ဝန်ထမ်းများအတွက် ကားမှတ်တိုင်အတည်တကျမရှိခြင်း၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များမှ အဆင်ပြေသလိုရပ်ပေးသည့် နေရာများသို့ အပြေးအလွှားဆင်း၊ တက်ပြုလုပ်နေကြရသည်။

လိုင်းကားအများစုအနေဖြင့် ရွှေဂုံတိုင်မီးပွိုင့်အကျော် Puci Cake မုန့်ဆိုင်ရှေ့သုံးမြှောင့်ထောင့်ချွန်ကွေ့အလွန်တွင် လည်းကောင်း၊ အချို့လိုင်းကားများ ဗဟန်းရေတာရှည်လမ်းဟောင်းရှိ မြတ်နိုးသူကဖီးနှင့်မြတ်မွန်သွားဆေးခန်းတို့ကြားနေရာများနှင့် ဇီဝိတသံယာ့ဆေးရုံကြီးရှေ့ ဗဟန်းရဲစခန်းထောင့်ကွေ့နေရာများတွင်လည်းကောင်း ကားရပ်ကာ လူအတင်၊ အချပြုလျက်ရှိသဖြင့် ဗဟန်း(ရွှေဂုံတိုင်မှတ်တိုင်)မှ ကားစီးလိုသူများ ကားစီးနိုင်ဖို့အရေး တောင်ပြေး မြောက်ပြေး ဣန္ဒြေမရ ပြေးလွှားနေရသည်။ (၄၃)ဘတ်စ်(ရိုးရိုး)ကားများအနေဖြင့်လည်း ကားမှတ်တိုင် အတည်တကျမရှိခြင်းကို အကြောင်းပြု၍ ယခင်ကောက်ခံနေကျ ယာဉ်စီးခ ကျပ် ၅၀ အစား ကျပ် ၁၀၀ နှုန်းဖြင့် ကောက်ခံနေခြင်းများရှိသဖြင့် မထသမှ တရားဝင်ဈေးနှုန်းသတ်မှတ်ထားခြင်း ဟုတ်၊ မဟုတ် ခရီးသွားပြည်သူများအကြား သံသယစိတ်များပွားနေကြသည်။

သို့ပါ၍ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ဆဲကာလအတွင်း ရွှေဂုံတိုင်-ဆူးလေ ခရီးစဉ်အတွက် "ရွှေဂုံတိုင်မှတ်တိုင်ယာယီသတ်မှတ်ပေးရေးနှင့် ယာဉ်စီးခနှုန်းထားများ မှန်မှန်ကန်ကန်ကောက်ခံရေးတို့အတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်ပေးသင့်ကြောင်း ရွှေဂုံတိုင်နေပြည်သူများနှင့် ဝန်ထမ်းများက လိုလားနေကြကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ တင်ပြလိုက်ရပါသည်။ **(သွန်းဝသန်)**

စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ တောင်ရွက်ကြမ်းကျေးရွာ၊ မြောက်ရွက်ကြမ်းကျေးရွာ၊ မြကန်သာကျေးရွာနှင့် ပိုးဇာကုန်းကျေးရွာများရှိ ဒေသခံပြည်သူများအား စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် ပိုးဇာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ **(ယာပုံ)** တွေ့ဆုံ၍ ကျေးလက်ဒေသပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ကျေးလက်ပြည်သူများ၏လိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လယ်ယာမြေများအတွက် ဆည်ရေသောက်ရေ ရရှိရေးကိစ္စများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်ဝင်းတို့က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက

ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် သုံးသိန်းစီဖြင့် ငွေကျပ် ၁၂ သိန်း၊ ပိုးဇာကုန်း ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရား တန်ဆောင်းပြုပြင်ရန် ငွေကျပ် ငါးသိန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ယင်းနောက် ထန်းကုန်းကျေးရွာ အင်(ခ) ဒါဒွယ်အိုလူးမ်အာရ်ဗီ အလယ်တန်းကျောင်း ကယ်ဆယ်ရေးရုံးရှိ မီးဘေးသင့်အိမ်ထောင်စု ၅၁ စုအတွက် စစ်ကိုင်းမြို့ ဗုဒ္ဓဘာသာ ပညာရေးစင်တာမှ ပဓာန နာယက ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တ သောဘိတက ငွေကျပ် ၁၀ သိန်းနှင့် ပြည်ထောင်စုဝန်ကြီးနှင့် တန့်ဆည်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန့်ဘလူမြို့ အေးမြစိုးရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကံကြီးကုန်းကျေးရွာ ရေတွင်းတူးဖော်ရေးအတွက် ငွေကျပ် ၁၃ သိန်း၊ ချပ်သင်းကျေးရွာ မီးသတ်တပ်ဖွဲ့အတွက် ငွေကျပ် လေးသိန်း၊ ဖလားရကျောင်းအတွက် ငွေကျပ် သုံးသိန်း၊ အောက်ကဲရွာ၊ သင်တောရွာ၊ မိဿလင်ကုန်းကျေးရွာများအတွက် ငွေကျပ် နှစ်သိန်းစီနှင့် ကျွန်းလှမြို့ ဇီဝိတဒါန မျက်စိဆေးရုံအတွက် ငွေကျပ်သိန်း ၅၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ရာတွင် ပို့ကုန်သွင်းကုန်ဥပဒေ(၂၀၁၂)နှင့် အခြားတည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ(၉၇/၂၀၁၂)ဖြင့် **"ကုန်သွယ်မှုပြုသည့် ပင်လယ်ရေကြောင်း၊ လေကြောင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် နေရာအသီးသီး၌ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေခြင်းကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်"** ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုကော်မတီမှလုပ်ငန်းစဉ်အဆင့် (၃)ရပ်ချမှတ်ကာ တစ်နိုင်ငံလုံးတွင် ဟန်ချက်ညီထိန်းချုပ်ဆောင်ရွက်ရေးကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူနိုင်ရန်အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ (၀၆း၀၀)ချိန်မှ စတင်ပြီး ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)နှင့် အခြားတည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင်များနှင့် အများပြည်သူသိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်-

(က) ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း၊ တင်သွင်းခြင်းများ စစ်ဆေးတွေ့ရှိပါက ပို့ကုန်သွင်းကုန်ဥပဒေ(၂၀၁၂)ဖြင့် အရေးယူဆောင်ရွက်ပါမည်။

(ခ) ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများ(တင်ပို့တင်သွင်းခွင့်လိုင်စင်၊ ပါမစ်ယူရန်)ကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပို့တင်သွင်းခြင်းအား စစ်ဆေးတွေ့ရှိပါက ပို့ကုန် သွင်းကုန်ဥပဒေ(၂၀၁၂)ဖြင့် အရေးယူ ဆောင်ရွက်ပါမည်။

(ဂ) ဖော်ပြပါ (က)နှင့်(ခ)မှအပ ကျန်ရှိသောတင်ပို့/တင်သွင်းခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အလွဲအမှား၊ အပို စသည့် စစ်ဆေးတွေ့ရှိမှုများအား ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။ **(သတင်းစဉ်)**

❖ မြန်မာမြားပစ်အဖွဲ့မှ

ကျင်းပပေးလျက်ရှိပြီး ယခုလအတွက် လက်ရည်စစ်ပွဲကို စက်တင်ဘာ ၁၇ နှင့် ၁၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာမြားပစ်အဖွဲ့တွင် နည်းပြများအဖြစ် မစ္စတာ လီဆောင်ဘွန်း၊ ဦးရဲမင်းဆွေ၊ ဦးအောင်သူရ၊ ဦးအောင်နိုင်ဦး၊ ဒေါ်မြတ်သူဇာမြင့်၊ ကစားသမားများအဖြစ် Compound အမျိုးသား လင်းနိုင်၊ ရှိန်းထက်ကျော်၊ အောင်ခြိမ့်ဘော်၊ မြတ်ဇော်ထွန်း၊ မိုးကျော်နိုင်၊ စိုင်းဇင်လင်းထက်၊ အမျိုးသမီး-အောင်ငိုမ်း၊ လှလှစံ၊ ယောစိမ်းယ၊ အေးအေးသင်း၊ မာလာခင်ညွန့်၊ Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အောင်မျိုးသူ၊ ဝေလင်းထွန်း၊ ငြိမ်းစည်သူ၊ မောင်အေး၊ အမျိုးသမီး-သင်းသင်းခိုင်၊ စန်းယုထွေး၊ သဇင်အောင်နှင့် ဇာခြည်ဝင်းတို့ ပါဝင်ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ပတ်ယွီချွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် စက်တင်ဘာ ၉

မစ္စတာ ရိုလန် ကိုဘီယာအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဥရောပသမဂ္ဂသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရိုလန် ကိုဘီယာ အား ၁၉၆၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဥပဒေပညာဘွဲ့၊ ၁၉၉၁ ခုနှစ်တွင် ဥရောပအုပ်ချုပ်မှုပညာမဟာဘွဲ့နှင့် ၂၀၀၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ချူကလီးယားဥပဒေပညာ မဟာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိနှင့် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်းတွင် ပြင်သစ်နိုင်ငံ၊ မောင့်ပေးလီယေးတက္ကသိုလ်နှင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်တက္ကသိုလ်တို့၌ ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဥရောပကော်မရှင်၌ အုပ်ချုပ်ရေးမှူးအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ကွန်ဂိုသမ္မတနိုင်ငံ ကင်ရှားဆားမြို့နှင့် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တို့ရှိ ဥရောပကော်မရှင်ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှစတင်၍ အဇာဘိုင်ဂျန်နိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံး၌ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

☆ ပြုပြင်ပြောင်းလဲမှုများမှ

တစ်ချိန်တည်းတစ်ပြိုင်တည်း ဟန်ချက်ညီညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးတွင် အဓိကကျသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ပြည်သူများ၏အသံများနှင့် မျှော်လင့်ချက်များကို ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အပြုသဘောဆောင်သော တင်ပြချက်များအား ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော အသင်းအဖွဲ့အသီးသီးမှ လုပ်ငန်းနယ်ပယ်အလိုက် တွေ့ကြုံနေရသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဎင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



ရွေးကောက်ပွဲ မသမာမှုများရှိခဲ့သည်ဟု စွပ်စွဲ၍ ကမ္ဘောဒီးယားပြည်သူများ ကန့်ကွက်ဆန္ဒပြနေကြစဉ်။

ကမ္ဘောဒီးယားရွေးကောက်ပွဲ အာဏာရပါတီအနိုင်ရကြောင်း အတည်ပြု

ဖနောင်ပင် စက်တင်ဘာ ၈

ကမ္ဘောဒီးယားနိုင်ငံ၌ အငြင်းပွားလျက်ရှိသည့် ရွေးကောက်ပွဲတွင် လက်ရှိအာဏာရပြည်သူ့ပါတီ(စီပီပီ)က အနိုင်ရရှိသည်ဟု အမျိုးသားရွေးကောက်ပွဲကော်မတီက အတည်ပြုလိုက်ကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်ဟွန်ဆန်၏ စီပီပီက ၆၈နေရာ၊ အတိုက်အခံ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(စီအန်အာပီ)က ၅၅ နေရာရရှိကြောင်း ကော်မတီက ကြေညာသည်။

မြို့တော် ဖနောင်ပင်၌ ကန့်ကွက်ဆန္ဒပြမှု ဖြစ်ပွားပြီးနောက် ရုပ်မြင်သံကြားမှ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

စက်တင်ဘာ ၇ရက်က ဖနောင်ပင်မြို့တွင် ထောင်ပေါင်းများစွာသော ပြည်သူများက ရွေးကောက်ပွဲလိမ်လည်မှုများရှိခဲ့သည်ဟု စွပ်စွဲ၍ ကန့်ကွက်ဆန္ဒပြကြသည်။

အဓိကအတိုက်အခံပါတီ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီက ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သည်။ ဇူလိုင်လတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မတရားမှုများဖြင့် ပြည့်နေသည်ဟု ပြောဆိုမှုများပျံ့နှံ့လျက်ရှိသည်။

ဆန္ဒပြပွဲသည် ငြိမ်းချမ်းစွာ၊ အေးချမ်းစွာဖြစ်စေရမည်ဟု အတိုက်အခံခေါင်းဆောင် ဆန်ရိမ်းစီးက ကတိပေးခဲ့သည်။ သို့သော် အစိုးရက ၎င်းသည် ပုန်ကန်ထကြွရန် လှုံ့ဆော်လျက်ရှိသည်ဟု စွပ်စွဲသည်။

ကမ္ဘောဒီးယားရွေးကောက်ပွဲများသည် လိမ်လည်မှုများရှိသည်ဟု မကြာခဏ ဝေဖန်ခံရသည်။ ကနဦးတရားဝင်ရလဒ်များအရ ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီက မဲအရေအတွက် ၃ဒသမ ၂သန်းရရှိပြီး ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီက ၂ဒသမ ၉သန်းရရှိသည်။

ကမ္ဘောဒီးယားနိုင်ငံကို ၂၈နှစ်ကြာ အုပ်စိုးခဲ့ပြီးဖြစ်သည့် အသက်(၆၁)နှစ်ရှိပြီဖြစ်သည့် ဟွန်ဆန်က သူ့အသက်(၇၀) အရွယ်အထိ နိုင်ငံကို အုပ်ချုပ်မည်ဟု ကြွေးကြော်ထားသည်။ **ဘီဘီစီ။**

ပါကစ္စတန်က တာလီဘန်အကျဉ်းသားများ လွှတ်ပေး အဆင့်မြင့် စစ်သွေးကြွဟောင်းတစ်ဦး ပါဝင်ဟုဆို

အစ္စလာမ္မာဘတ် စက်တင်ဘာ ၈

အာဖဂန်ငြိမ်းချမ်းရေးလမ်းစဉ်ကို ကူညီသောအားဖြင့် ပါကစ္စတန်အစိုးရသည် တာလီဘန်အကျဉ်းသား ခုနစ်ဦးကို လွှတ်ပေးခဲ့ကြောင်း ကြေညာခဲ့သည်ဟု မကြာသေးမီက ဘီဘီစီတွင်ဖော်ပြသည်။

ပြန်လည်သင့်မြတ်ရေး

အာဖဂန်အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လွယ်ကူချောမွေ့စေရန်အလို့ငှာ လွှတ်ပေးခဲ့သည့် တာလီဘန်များတွင် အနည်းဆုံးအဆင့်မြင့် စစ်သွေးကြွဟောင်းတစ်ဦးလည်း ပါဝင်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြသည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ငြိမ်းချမ်းရေးတိုးတက်စေရန်အတွက် မကြာသေးမီက အစ္စလာမ္မာဘတ်သို့ သွားရောက်လည်ပတ်ခဲ့သည်။

အာဖဂန်နစ္စတန်တည်ငြိမ်ရန် ဒေသဆိုင်ရာ ကြိုးပမ်းမှုကို ကူညီရန်ဆန္ဒရှိကြောင်း ထိုအချိန်က ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ကပြောကြားသည်။

ဘီဘီစီ။

ရုရှားနိုင်ငံတွင် ဘတ်စ်ကားနှစ်စီးတိုက် ကိုးဦး သေဆုံးပြီး ၂၂ဦး ဒဏ်ရာရရှိ

စိန့်ပီတာစဘတ်စ် စက်တင်ဘာ ၈

ရုရှားနိုင်ငံအရှေ့မြောက်ပိုင်း ပီစကော့ဗ်ပြည်နယ်တွင် ဘတ်စ်ကားနှစ်စီးတိုက်မိရာ ကလေးတစ်ဦးအပါအဝင် လူကိုးဦးသေဆုံး၍ ၂၂ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်းရှိ အရေးပေါ်အခြေအနေ ကြေညာရေးဝန်ကြီးဌာနက စက်တင်ဘာ ၈ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၄နာရီခန့်က ရုရှားနိုင်ငံ မော်စကိုမြို့နှင့် လတ်ဗီးယားမြို့တော် ရီဂါသို့ ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးတွင် အဆိုပါယာဉ်ချင်းတိုက်မိမှုဖြစ်ပွားကြောင်း၊ ဟွန်ဒိုင်းအမျိုးအစား ခရီးသည်တင်ဘတ်စ်ကားနှင့် ဆန့်ကျင်ဘက်အရပ်မှ မောင်းနှင်လာသော ဘတ်စ်ကားတို့ ခေါင်းချင်းဆိုင် တိုက်မိကြခြင်းဖြစ်ကြောင်း၊ ကားနှစ်စီးစလုံး ဆိုးရွားစွာပျက်စီးသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဆင်ဟွာ။



အာဖဂန်နစ္စတန်တွင်လေကြောင်းမှတိုက်ခိုက်၊ လူ ၁၆ ဦး သေဆုံး

အက်ဆာဒါဘတ် စက်တင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ် ဝါတာပေါ်ခရိုင်တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သား ၁၀ ဦးအပါအဝင် လူ ၁၆ ဦးသေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၇ ရက် ညနေပိုင်းက မောင်းသူမဲ့လေယာဉ်ဖြင့် စစ်သွေးကြွများအား ပစ်မှတ်ထားတိုက်ခိုက်ရာ အရပ်သား ၁၀ ဦးနှင့် အာရပ်တိုက်ခိုက်ရေးသမားသုံးဦးအပါအဝင် တာလီဘန်ခြောက်ဦး စုစုပေါင်း ၁၆ ဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဟာဘီဘူလာချ်ဆာရတ်ဒ်ခီလီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။သေဆုံးသူ အရပ်သား ၁၀ ဦးအနက် အမျိုးသမီးလေးဦး ပါဝင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။ **ဆင်ဟွာ။**



ဆင်ဖမ်းမုဆိုးများ၏ တရားလက်လွတ်ဖမ်းဆီးမှုကြောင့် အာဖရိကရှိဆင်များမှာ ဘေးအန္တရာယ် ကျရောက်လျက်ရှိသည်။

ဆင်ဖမ်းမုဆိုးများ၏ အဆိပ်ခတ်သတ်ဖြတ်မှုကြောင့် ဇင်ဘာဘွေအမျိုးသားဥယျာဉ်၌ ဆင်များသေဆုံး

ဟာယာရေး စက်တင်ဘာ ၈

ဆင်ဖမ်းမုဆိုးများက အဆိပ်များအသုံးပြုကာ ဆင်ဖမ်းမှုများပြုလုပ်ခဲ့ခြင်းကြောင့် ဇင်ဘာဘွေနိုင်ငံရှိ ဝှန်းအမျိုးသား ဥယျာဉ်၌ ဆင် ၄၁ ကောင် သေဆုံးခဲ့ရသည်ဟု တာဝန်ရှိသူများကပြောကြားကြောင်း စနေနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းဇင်ဘာဘွေအမျိုးသားဥယျာဉ်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ကာရိုလိုင်းခါနာဟာက ပြောကြားရာ၌ ဆင်ဖမ်းမုဆိုးများသည် ဆိုင်ယာနိုက်အဆိပ်ကို ဆားနှင့်ရောနှောကာ ဆင်များကိုကျွေး၍ သတ်ဖြတ်ခဲ့သည်ဟု သံသယရှိသည်ဟုဆိုသည်။ ဇင်ဘာဘွေနိုင်ငံ၌ ဆင်များကို ဥပဒေမဲ့ အမဲလိုက်သတ်ဖြတ်ခြင်းသည် အဆိုးရွားဆုံးပြစ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ဇင်ဘာဘွေနိုင်ငံမှ ဆင်များနှင့်ကြံ့များအား သတ်ဖြတ်မှုများ မကြာသေးမီနှစ်များအတွင်း မြင့်မားလာပြီး ယင်းသို့ သတ်ဖြတ်မှုနှုန်းမြင့်မားလာခြင်းမှာ အဆိုပါသတ္တဝါများ၏ ဦးချိုနှင့်အစွယ်များအား အာရှနိုင်ငံများမှ ဝယ်လိုအားမြင့်တက် လာမှုကြောင့်ဟုဆိုသည်။ **ဘီဘီစီ။**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား ထားဝယ်၌ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် နိုင်ငံအဝန်းမှ စာတတ်လာသူများ စာဖတ်စေရန်နှင့် စာဖတ်ရှိန် မြင့်မားလာစေဖို့ ကျေးလက်တောရွာများအထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးလျက် ရှိပါကြောင်း၊ စာကြည့်တိုက်များ၊ စာဖတ်ဝိုင်းများ၊ စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များကို ဖွင့်လှစ်ထူထောင်ပေးခြင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး၌ စံသတ်မှတ်ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်ပေါင်း ၂၂၂ ခု၊ ရပ်ရွာပညာပဒေသာဌာန ပေါင်း ၁၈၆ ခု ရှိနေပြီဖြစ်ကြောင်း၊ လူတိုင်း စာတတ်မြောက်ရေးမှ လူတိုင်းအတွက် ပညာရေးသို့ ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုးစားပေးကြပါရန် ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်မြင်လျက်ရှိသော စာပေရေချမ်းစင်

ကလေး စက်တင်ဘာ ၈

ကလေးခရိုင် ကလေးမြို့နယ် တရားရုံး အမှုသည်များ နားနေဆောင်တွင် ကလေးခရိုင်တရားသူကြီး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တရားရုံးသို့ လာရောက်ကြသည့် အမှုသည်များ၊ သက်သေများအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် အထွေထွေဗဟုသုတများ တိုးပွားကြစေရန် ရည်ရွယ်လျက် ပြည်သူ့အကျိုးပြု စာပေရေချမ်းစင်ကို ဇွန်လမှစတင် ဖွင့်လှစ်ခဲ့ရာ ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း Mini Book Corner ဖြင့် ဖွင့်လှစ်ဖြည့်ဆည်းပေးခဲ့သည်။

ယခုအချိန်တွင် မြို့နယ်တရားသူကြီး၏ ဦးဆောင်မှုဖြင့် ကလေးခရိုင်နှင့် မြို့နယ်အတွင်းရှိ ရှေ့နေကြီးများ၊ စာရေးများနှင့် စာပေဝါသနာရှင်၊ စေတနာရှင်များကလည်း အပတ်စဉ်ထုတ် ဂျာနယ်မျိုးစုံကို အပတ်စဉ်တိုင်း လှူဒါန်းကြရာ တရားရုံးသို့ ရောက်ရှိလာကြသော ပြည်သူများအတွက် များစွာအကျိုးသက်ရောက်မှုရှိသည့်အပြင် နေ့စဉ် စာဖတ်ပရိသတ်များလည်း အလွန်များပြားလျက်ရှိသည်။

အဆိုပါ စာပေရေချမ်းစင်သည် စာပေဗဟုသုတ အသိပညာများအတွက် ပြည်သူအကျိုးပြုမှုတွင် ထိရောက်မှုရှိပြီး စာဖတ်ပရိသတ်များကလည်း အချိန်ကို အလဟဿဖြုန်းတီးမှုမရှိဘဲ အကျိုးရှိစွာ စာပေလေ့လာဖတ်ရှုခွင့်ရရှိသည့်အတွက် အလွန်ဝမ်းမြောက်ကျေနပ်ကြသောကြောင့် တရားရုံးတွင် ဖွင့်လှစ်ထားရှိသော စာပေရေချမ်းစင်သည် အရှိန်အဟုန်ဖြင့် အောင်မြင်မှုရှိနေကြောင်း သိရသည်။**(အောက်ပုံ)**

ဂျူနိုင်း



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် မူလဉယျာဉ်ကျောင်းတိုက် ရွှေတိုင်အေးဓမ္မာရုံတွင် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးလှဝင်းအောင်နှင့် ဌာနခွဲမှူး အင်ဂျင်နီယာဒေါက်တာ ဒေါ်ခင်နှင်းအေးတို့က ဌာန၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ကမ္ဘာ့ပတ်ဝန်းကျင်နှင့် မြန်မာနိုင်ငံအရပ်ရပ်၌ ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုဖြစ်စဉ်များကို ဟောပြောကြသည်။

ထို့နောက် မူလဉယျာဉ်ကျောင်းတိုက် ပရဝုဏ်အတွင်း၌ ကျောင်းပေါင်း ၃၂ ကျောင်းရှိရာ အဆိုပါကျောင်းတိုက်များမှ စွန့်ပစ်သည့် အမှိုက်များကို သိမ်းဆည်းပေးနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။ သတ်မှတ်ချိန်အတွင်း အမှိုက်များကို အစိုအခြောက်ခွဲခြား၍ အိတ်များဖြင့် လုံခြုံစွာ ချည်နှောင်ကာ စွန့်ပစ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမှိုက်ပုံပျောက် ဆောင်ရွက်သွားမည်ဆိုလျှင် အစဉ်သန့်ရှင်းစေမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးကြသည်။

(၁၉၇)

ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း တောင်ကြီးအေးသာယာစက်မှုဇုန် စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းသည် စက်တင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၊ ဝမ်းတွင်းမြို့နှင့် သာစည်မြို့များ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လူမှုဖူလုံရေးအဖွဲ့ရုံးခွဲ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုံးခွဲများနှင့် လူမှုဖူလုံရေးဆေးခန်းတို့ကို စစ်ဆေးခဲ့သည်။

ဆက်လက်၍ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ စိန်ငွေမြအစာစပ်စက်ရုံနှင့် အောင်ကြာဖူး သီးနှံအခြောက်ခံစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီခန်းမ၌ စက်မှုဇုန်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အလုပ်ရှင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာရေးရာ — အောဝမ်းစိုး

မျောက်လိုက်ပါသည့် အာကာသယာဉ် ဒုတိယအကြိမ်လွှတ်တင်ရန် အီရန်စီစဉ်

တီဟီရန် စက်တင်ဘာ ၈

အီရန်နိုင်ငံက ပြည်တွင်းဖြစ်ဒုံးပျံ ပစ်ရှဂမ် (၂)ဖြင့် လာမည့် ၄၅ ရက်အတွင်း မျောက်လိုက်ပါသည့် အာကာသယာဉ်ကို ဒုတိယအကြိမ် လွှတ်တင်သွားရန်စီစဉ်ထားကြောင်း အီရန်အာကာသ အေဂျင်စီ ဒါရိုက်တာ ဟာမစ်ဖာဇီလီ၏ပြောကြားချက်ကို ဒေသခံသတင်းမီဒီယာများက စက်တင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြသည်။

အီရန်နိုင်ငံသည် ဇန်နဝါရီလအတွင်းက ပစ်ရှဂမ် (၁)ဒုံးပျံဖြင့် မျောက်လိုက်ပါသည့် အာကာသယာဉ်ကို ပထမအကြိမ် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ပထမအကြိမ်လွှတ်တင်ခဲ့သည့် ပစ်ရှဂမ်(၁)ဒုံးပျံကို လောင်စာအခဲအသုံးပြုခဲ့သော်လည်း ယခုလွှတ်တင်မည့် ဒုံးပျံကို လောင်စာအရည်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုအစီအစဉ်သည် လာမည့် ငါးနှစ်နှင့် ရှစ်နှစ်အတွင်း အီရန်နိုင်ငံက အာကာသအတွင်းသို့ လူလိုက်ပါသည့် အာကာသယာဉ် လွှတ်တင်ရန်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဖာဇီလီ၏ ပြောကြားချက်ကို ကိုးကား၍ တီဟီရန်တိုင်းမ် သတင်းစာကရေးသားဖော်ပြသည်။

ဆင်ဟွာ။

အိန္ဒိယဝန်ကြီးချုပ်အဖြစ် ရာဟူးလ်ဂန္ဒီသင့်တော်သည်ဟု မန်မိုဟန်ဆင်းပြောကြား

နယူးဒေလီ စက်တင်ဘာ ၈

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက နေရူး-ဂန္ဒီ မိသားစုဝင်မျိုးဆက် အာဏာရ ကွန်ဂရက်ပါတီ၏ ဒုဥက္ကဋ္ဌ ရာဟူးလ်ဂန္ဒီသည် ၎င်း၏နေရာကို ဆက်ခံရန်သင့်တော်သူတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"၂၀၁၄ ရွေးကောက်ပွဲမှာ အိန္ဒိယဝန်ကြီးချုပ်အဖြစ် ရာဟူးလ်ဂန္ဒီကို သဘောကျပါတယ်။ မစ္စတာဂန္ဒီရဲ့ ခေါင်းဆောင်မှုအောက် ကွန်ဂရက်ပါတီမှာ အလုပ်လုပ်ရမှာကိုလည်း ကျွန်တော်သဘောကျပါတယ်" ဟု မန်မိုဟန်ဆင်းက ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးမှအပြန် လေယာဉ်ပေါ်၌ မီဒီယာသမားများကို ပြောကြားသည်။

ကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ဆိုနီယာဂန္ဒီနှင့် ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီတို့၏သား အသက် (၄၃) နှစ်ရှိ ရာဟူးလ်ဂန္ဒီကမူ အဆိုပါရာထူးနေရာနှင့်ပတ်သက်၍ ယခုအချိန်ထိ တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်း မရှိသေးပေ။

ဆင်ဟွာ။



ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှသည် နိုင်ငံတော်သစ်ဆီသို့

မာန်ရှင်း

"ကျိုက်လတ်မှာရှိတဲ့ လူတွေပျော်နေကြလား၊ ဝင်ငွေတွေပိုကောင်းနေလား၊ ဒါမှမဟုတ် အလုပ်မရှိလို့စိတ်ညစ်နေလား၊ အဲဒါကျွန်တော့်ကိုပြောပါ" သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၏မေးခွန်းကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူးတစ်ဦးက မြို့နယ်၏ ပကတိအခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားရာ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မိဘပြည်သူများက အထူးစိတ်ဝင်စားနားစိုက်ထောင်လျက်ရှိကြသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ဩဂုတ် ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများအား တွေ့ဆုံစဉ် ပြည်သူများ၏ လိုလားချက်များနှင့် ပွင့်ပွင့်လင်းလင်း တင်ပြချက်များကို ကြားနာလျက်ရှိခြင်းပင်ဖြစ်သည်။

ယနေ့ကမ္ဘာ့အခြေအနေကို လေ့လာကြည့်လျှင် ပြုပြင်ပြောင်းလဲရေးစကားရပ်က ရေပန်းအစားဆုံးဖြစ်နေသည်။ ပြည်သူအများစုသည် လက်ရှိလောကထက် သာလွန်သည့် ပိုမိုကောင်းမွန်သော လောကသစ်ကို ပြုပြင်ပြောင်းလဲရေးခြေလှမ်းများမှတစ်ဆင့် လျှောက်လှမ်းလိုကြသည်။

ကမ္ဘာ့ပြည်သူများနည်းတူ မြန်မာပြည်သူအပေါင်းကလည်း ပိုမိုကောင်းမွန်သောလောကသစ်ကို မျှော်မှန်းလျက်ရှိသည်။

သို့မို့ကြောင့် နိုင်ငံတော်အစိုးရသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်မှ စတင်ပြီးနိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်မှအစပြု၍ မူလထက် သာလွန်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်နိုင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

စတင်တာဝန်ထမ်းဆောင်ပြီးနောက် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို အာဏာခွဲဝေအပ်နှင်းခြင်း၊လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ယခင်လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ပြင်ဆင်ဖြေလျှော့ခြင်း၊ အမျိုးသားစီမံကိန်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေရသုံး ခွဲဝေစီမံခြင်းတို့ကို ပြင်ဆင်ဖွဲ့စည်းစုဖွဲ့စီမံဆောင်ရွက်ခဲ့သည်။





ကျိုက်လတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး။

ဘိုကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်ရန်အတွက် နိုင်ငံရေးစနစ်သစ်တစ်ရပ်ကို ဖော်ဆောင်၍ အမျိုးသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေး၊နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးတို့အတွက် ပြည်တွင်းနိုင်ငံရေးနှင့် ပြည်ပနိုင်ငံရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်၊ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြေလျှော့ပြင်ဆင်ဆောင်ရွက်သည့်လုပ်ငန်းစဉ်၊ လျှပ်စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

တစ်ဖန် ၂၀၁၂ခုနှစ် ဇွန် ၁၉ ရက်တွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ လမ်းညွှန်မိန့်ကြားခဲ့ရာ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (Framework for Economic and Social Reforms-FESR) ကို ရေးဆွဲ၍စီမံကိန်းကော်မရှင်သို့တင်ပြခဲ့ပြီး စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုကို ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဖြစ် ပြည်သူကိုဗဟိုပြု၍ ဆက်လက် အကောင်အထည်ဖော်ရန် ချမှတ်အတည်ပြုခဲ့သည်။

ထို့ပြင် ဒီဇင်ဘာ ၂၆ ရက်တွင် အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ တတိယအဆင့်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့်အညီ ပြည်သူ့ဝန်ကိုဆောင်သော ပြည်သူ့ဝန်ထမ်းများဖြစ်အောင် ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှ ပြည်ထောင်စုအဆင့်ထိ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အတွေးအမြင်၊ အမူအကျင့်၊ လုပ်ပုံလုပ်နည်းများပြောင်းလဲခြင်း (Personal Transformation)နှင့် အစိုးရအဖွဲ့အစည်းယန္တရား၏ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲခြင်း(Organizational Restructuring) တို့ဆောင်ရွက်သွားကြရန် လမ်းညွှန်ခဲ့သည်။

မေ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်သည့် အခမ်းအနား၌ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေစဉ်တစ်ပြိုင်တည်းမှာ"ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး (Private Sector Development Reform) လုပ်ငန်းစဉ်"ကို မိမိတို့အစိုးရရဲ့ စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတက လမ်းညွှန်မိန့်ကြားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

အလားတူ ပြည်သူကိုဗဟိုပြုသည့် ခေတ်သစ်စနစ်သစ်တစ်ရပ်ကို ပြောင်းလဲရာတွင် လုပ်နည်းလုပ်ဟန်များ၊အုပ်ချုပ်ရေးယန္တရားများကို ယခင်နှင့်မတူသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက ယခုခရီးစဉ်လာရောက်ရခြင်းနှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်သမ္မတကြီးရဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းစဉ်အချို့နဲ့ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်အချို့ကို သိရှိနိုင်ရန်တင်ပြဖို့၊ ဒုတိယအချက်က ကျွန်တော်တို့အားလုံး အသိအမြင်ဖလှယ်ပြီးမှ အသိအမြင်တူနဲ့ ရှေ့ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စရပ်များကို အားလုံးပူးပေါင်းပြီးမှ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရနဲ့တိုင်းဒေသကြီးအစိုးရ သွားတဲ့မျှော်မှန်းချက် (Vision) တူဖို့လိုပါတယ်။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေကလည်း မျှော်မှန်းချက် (Vision) တူဖို့ လိုပါတယ်။ အစိုးရယန္တရားနဲ့ ပြည်သူအများစုရဲ့ မျှော်မှန်းချက် (Vision) တူဖို့ လိုပါတယ်ဟု ပဏာမ ပြောကြားခဲ့သည်။

"ဒါကိုပြန်ပြီး သေသေချာချာလေ့လာဆန်းစစ်သုံးသပ်ကြည့်တဲ့အခါကျတော့ အစိုးရအုပ်ချုပ်ရေးယန္တရားရဲ့ မျှော်မှန်းချက်(Vision)နဲ့ ပြည်သူများရဲ့ မျှော်မှန်းချက် (Vision) ဟာ မတူသေးသည့်အတွက် အားလုံးလုပ်ဖို့လိုတယ်၊ ဒီအမြင်တွေတူညီအောင်ညှိဖို့လိုတယ်၊ လုပ်ရန်ကြိုးစားရဦးမယ်လို့ ဒီလိုသုံးသပ်ရရှိတာဖြစ်ပါတယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

သမ္မတကြီးက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေစဉ် တစ်ပြိုင်တည်းမှာ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (Private Sector Development Reform) ကိုလည်း လုပ်ဖို့လိုတယ်၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄)ရပ်ကို ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးမှု ဦးတည်ပြီး ဆောင်ရွက်မှုရမယ်၊ ဒါကြောင့် ပြည်သူလူထုဗဟိုပြုမူဝါဒကို ချမှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

စနစ်တစ်ခု မျှော်မှန်းချက် (Vision) တစ်ရပ်၊ရည်မှန်းချက်တာဝန် (Mission) တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ မဟာဗျူဟာ (Strategy)၊ နည်းဗျူဟာ(Tactic)တို့ ချမှတ်ရေးဆွဲဆောင်ရွက်ရန် လိုအပ်သည့်နည်းတူ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုအားက ပို၍အဓိကကျပေသည်။

သို့ဖြစ်၍ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်၏ မျှော်မှန်းချက် (Vision) ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်နိုင်ရေးနှင့် ရည်မှန်းချက်တာဝန် (Mission) ဖြစ်သည့် နိုင်ငံရေးရည်မှန်းချက်တာဝန်၊စီးပွားရေးနှင့်လူမှုရေးရည်မှန်းချက်တာဝန်၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ရေး ရည်မှန်းချက်တာဝန်နှင့် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက် ဖွံ့ဖြိုးရေးရည်မှန်းချက်တာဝန်များဆောင်ရွက်ရာတွင် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရန် "ပြည်သူ့စွမ်းအားနှင့် နိုင်ငံတည်ဆောက်အံ့" ဆောင်ပုဒ်ဖြင့် မူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တစ်နိုင်ငံလုံး လူဦးရေ သန်း ၆၀ ခန့်ရှိသည့်အနက် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အင်အားသည် တစ်သန်းကျော်ခန့်သာရှိပြီး ၅၈ သန်းကျော်သည် ပြည်သူများ၏အင်အား ဖြစ်နေ၍လည်းကောင်း၊ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ကြည့်လျှင်လည်းပုဂ္ဂလိကကဏ္ဍက ရာခိုင်နှုန်း ၉၀ကျော် ပါဝင်နေသည်ကို တွေ့ရ၍ လည်းကောင်း "ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူများပါဝင်သည့် အုပ်ချုပ်ရေးဝန်ဆောင်မှု စနစ်သို့ကူးပြောင်း ဆောင်ရွက်ရခြင်း" ဖြစ်ပေသည်။ ထိုသို့ကူးပြောင်းဆောင်ရွက်နိုင်ရန်လည်း ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စသည့်အင်အားစုများ၏ ပူးပေါင်းပါဝင်မှု ရယူ၍ ပြည်သူတို့၏ လူမှုစီးပွားရေးနှင့် နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတကြီးက ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ဖွဲ့စည်းရန် တာဝန်ပေးအပ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃ ဖြင့် ထုတ်ပြန်ပေးခဲ့သည်။

အဆိုပါကော်မတီကို တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဖွဲ့စည်းပေးခဲ့သည်မှာ လေးလကျော် ငါးလနီးပါး သက်တမ်းရှိခဲ့ချေပြီ။

အထောက်အကူပြုကော်မတီများ၏ သက်ဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ ပြည်သူ့လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်သူတို့၏လိုအပ်ချက်များကို သိရှိနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်ဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယခု ဧရာဝတီတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခရီးလှည့်လည်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်မှစ၍ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ယခု ဧရာဝတီတိုင်းဒေသကြီးများသို့ ခရီးဆန့်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း ကျန်ဒေသများသို့ ခရီးဆန့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်အတွင်း မြို့နယ်ပေါင်း ၂၆မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊အထောက်အကူပြုကော်မတီများနှင့် ရပ်မိရပ်ဖတို့၏ တွေ့ဆုံဆွေးနွေးမှုများက အားရဖွယ်ကောင်းလှအောင် မြိုင်ဆိုင်လှသည်။ ထိုသို့ မြိုင်ဆိုင်အောင် ပြည်ထောင်စုဝန်ကြီးနှစ်ဦးသည် ခေတ်ပြောင်းစနစ်ပြောင်းနှင့် လိုက်လျောညီထွေရှိစွာ ပြောဆိုဆွေးနွေးတင်ပြနိုင်ရန် ဆောင်းပါးအဖွင့်ပါအတိုင်း ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဖြင့် လမ်းဖွင့်ပေးခဲ့သည်။

ယခင်ခေတ်ဟောင်း စနစ်ဟောင်းအတိုင်း မြို့နယ်တာဝန်ခံက စာအုပ်ကြီးကိုင်ပြောဆိုခြင်းဖြင့် အချိန်ကုန်မခံတော့။ ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များ၊ ပြည်သူများ၏ ဘဝပကတိအခြေအနေမှန်များ၊ ပြည်သူ့ရင်တွင်းခံစားချက်များရယူ၍ ထိုအချက်များကိုမူတည်ကာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက "မြို့နယ်အသီးသီးက ကိုယ့်ရှုထောင့်အသီးသီးနဲ့ တင်ပြကြတဲ့အပေါ်မှာ ကျွန်တော်တို့က မှတ်သားသွားပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဌာနများ လုပ်ရမယ့်အပိုင်းတွေကိုချက်ချင်းပြန်ပြီး ညှိနှိုင်းတာရှိမယ်၊ သမ္မတကြီးကို တင်ပြရမယ့် အချက်တွေကိုလည်း ကျွန်တော်တို့ ပြန်ရောက်တာနဲ့ တင်ပြပါတယ်။ ဒ့ါကြောင့် ဒီနေ့ဆွေးနွေးတင်ပြရမယ့် မြို့နယ်အသီးသီးရဲ့ တင်ပြချက်များဟာ ဒေသအတွက်လည်း တန်ဖိုးရှိသလို နိုင်ငံတော်အတွက်လည်း တန်ဖိုးရှိကြောင်း တင်ပြလိုပါတယ်" ဟု ဆိုခဲ့ခြင်းကလည်း ဆွေးနွေးမှုများကို ပို၍တက်ကြွစေခဲ့သည်။

သို့ဖြစ်ရကား အဆိုပါတွေ့ဆုံဆွေးနွေးမှုများသည် အောက်ခြေပြည်သူလူထုများ၏ ဗဟိုရပ်ဝန်း ရပ်ကွက်၊ ကျေးရွာများကို ပို၍ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။

အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရပ်ကွက်ကျေးရွာဖွံ့ဖြိုးမှုမှသည် မြို့နယ်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုမှသည်ဒေသ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော် စသည်ဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ယုံကြည်မျှော်လင့်မိပါတော့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ဂိုးရာဝတ်ဆင်မှုနှင့် သရုပ်ပြအလှမယ် မူဆယ်တွင် ရွေးချယ်

မူဆယ် စက်တင်ဘာ ၈

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ လာမည့် အောက်တိုဘာလတွင် ကျင်းပမည့် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်တွင် မြန်မာနိုင်ငံ မူဆယ်ခရိုင်မှ သွားရောက်ပြသမည့် တိုင်းရင်းသား ဝတ်စားဆင်ယင်မှု ပြပွဲနှင့် အကအလှပြ လှည်းယာဉ်ကြော့များပေါ်တွင် ပါဝင်သရုပ်ဖော်ကြမည့် အလှမယ်များကို ရွေးချယ်ရန်ပြိုင်ပွဲ ကျင်းပခဲ့သည်။**(ယာပုံ)**

ထိုပြိုင်ပွဲသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များ၊ ပြိုင်ပွဲဝင် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်သုံးမြို့နယ်မှ ကြီးကြပ်သူများ၊ ပြိုင်ပွဲဝင်အမျိုးသမီးလေးများ၊ ကြည့်ရှုအားပေးသူများဖြင့် စုံညီစွာ ကျင်းပခဲ့ပြီး ဝတ်စားဆင်ယင်မှု အလှမယ် ၁၀ ဦးနှင့် အလှပြအဖွဲ့အတွက် အလှမယ်ငါးဦး ရွေးချယ်ခဲ့ကြသည်။

“ကျွန်မတို့ နမ့်ခမ်းမြို့နယ်က ဒီပွဲကြီးအတွက် အလှမယ် စုစုပေါင်း ငါးဦးရွေးချယ်ခံရလို့ ဝမ်းသာပါတယ်။ တရုတ်နိုင်ငံ ရွှေလီမြို့မှာ ကျင်းပမယ့်ပွဲမတိုင်မီ တစ်လအတွင်းမှာ ပိုမိုတိုးတက်လာအောင် လေ့ကျင့်သင်ကြားပေးပြီး ဒေသဂုဏ်ဆောင်နိုင်အောင် ကြိုးစားနေပါတယ်”ဟု နမ့်ခမ်းမြို့မှ ကြီးကြပ်သူ ဒေါ်နေခြည်သွေးက ပြောကြားခဲ့သည်။

သိန်းဇော် (ရွှေလီဦး)

မြန်မာပြည်ရဲ့ အမျိုးသမီး

ဆံကေသာ နက်မှောင်စင်း
သနပ်ခါးနံ့က မွှေးပျံ့သင်း
ရုပ်အဆင်းက ဝင်းရွှေဝါ
လက်ရှည်အင်္ကျီ ငွေချည်ဇာ
ထဘီလွှာ ခြေဖျားဖုံး
မခို့တရို့ကလေးနဲ့ သူ့အပြုံး
သူ့ကိုယ်လုံးနဲ့ သူ့ကျက်သရေ
ယဉ်စစမို့ ရှုမဝပေ
ရွှေရင်ဖိုလို့ ရှုမငြီး
မြန်မာပြည်ရဲ့ အမျိုးသမီး။ ။

ယုဝတီခင်ဦး

အမှုစစ်ဆေးစဉ် ပွင့်လင်းမြင်သာမှုရှိစေရေး CCTV ကင်မရာဖြင့် မှတ်တမ်းထားရှိ

မော်လမြိုင် စက်တင်ဘာ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြို့မရဲစခန်းတွင် အမှုစစ်ခန်း ‘ကျား’ အချုပ်ခန်း၊ ‘မ’ အချုပ်ခန်းနှင့် ရဲစခန်းဝင်ပေါက်တို့တွင် CCTV ကင်မရာ လေးလုံး တပ်ဆင်ထားရှိကြောင်း၊ အဆိုပါ ကင်မရာများဖြင့် မှတ်တမ်းတင်ထားရှိခြင်းဖြင့် အများပြည်သူတို့အား ပွင့်လင်းမြင်သာမှုရှိစေရန် ရဲတပ်ဖွဲ့၏ အမှုစစ်လုပ်ငန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုများကို အများပြည်သူမှ သိရှိရပြီး ရဲတပ်ဖွဲ့အပေါ် အထင်အမြင်လွဲမှားမှုများ မရှိစေရေး၊ ထိုသို့ မှတ်တမ်းတင် CCTV ကင်မရာများ တပ်ဆင်ထားရှိကြောင်း၊ မှတ်တမ်းများအား အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း မော်လမြိုင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးမျိုးညွန့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှတို့က လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

အလားတူ မော်လမြိုင်မြို့နယ် ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းတွင် CCTV ကင်မရာခြောက်လုံး ထပ်မံတပ်ဆင်ထားကြောင်း သိရသည်။

ယခုအခါ မွန်ပြည်နယ်ရဲတပ်ဖွဲ့ရှိ မြို့မရဲစခန်းများနှင့် မော်လမြိုင်မြို့ပေါ်ရှိ မုပွန်နယ်မြေရဲစခန်း၊ မြိုင်သာယာနယ်မြေရဲစခန်းနှင့် ဇေယျာသီရိနယ်မြေ ရဲစခန်းများတွင်လည်း CCTV ကင်မရာများ ဆက်လက်တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှက ပြောပြသည်။ **(၁၀၇)**

အထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။



အမျိုးသမီးကလေးများသင်တန်းကျောင်း ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်၌ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဌာန (Day care center for the aged) အမြန်ဆုံးဖွင့်လှစ်နိုင်ရန်အတွက် ပြင်ဆင်နေမှုများကို စက်တင်ဘာ ၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသမီးကလေးများသင်တန်းကျောင်း ထောက်ကြံ့သင်တန်းခန်းမ၌(အပေါ်ပုံ) အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ပြည်သူလူထု ဗဟိုပြုအစိုးရဖြစ်သဖြင့် ပြည်သူများ၏ လူမှုရေးလိုအပ်ချက်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနမှ တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မိမိတို့၏ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာ စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအလေးထားကြိုးစား ဆောင်ရွက်ကြရန် မှာကြားကာ သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထက(၃)၌ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းကို ပြုလုပ်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဒေါက်တာ စုစုလင်းတို့က ကျောင်းသားမိဘများကို အပြုသဘောဆောင်သော သားသမီး၊ မိဘ၊ ဆရာ ဆက်ဆံရေး၊ မိဘများ၏ တာဝန်ဝတ္တရားများအကြောင်းနှင့် ဆယ်ကျော်သက်အရွယ်ကလေးများ၏ ကျန်းမာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အာဟာရအကြောင်းကို အသိပညာပေး ဟောပြောကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဆရာဝန်များက အလယ်တန်းနှင့်အထက်တန်းကျောင်းသား ကျောင်းသူများ အုပ်စုလိုက်ခွဲ၍ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး၊ HIV/ AIDS မူးယစ်ဆေးဝါးအန္တရာယ်များ၊ အာဟာရနှင့်မတော်တဆ ကြုံတွေ့ရသော အန္တရာယ်ကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးတန်နှင့်အထက် ယာဉ်များနှင့် စည်းကမ်းမဲ့ အုတ်၊ ထုံး၊ သဲ၊ ကျောက်တင်ယာဉ်များကို ဖမ်းဆီးအရေးယူ

မန္တလေး စက်တင်ဘာ ၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မန္တလေးမြို့အတွင်းရှိသတ်မှတ်ဧရိယာအတွင်း ဝင်ရောက်သော သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များ၊ မြို့တွင်းစည်းကမ်းမဲ့ ရပ်ထားသော ယာဉ်များ၊ မြို့တော်သန့်ရှင်းရေးအတွက် ဖုံးအုပ်သယ်ဆောင်ခြင်းမရှိသည့် အုတ်၊ ထုံး၊ သဲ၊ ကျောက်တင်ယာဉ်များကို ဖမ်းဆီးခဲ့ရာ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ သုံးတန်နှင့်အထက် ကုန်တင်ယာဉ် ၂၂ စီး၊ မြို့တွင်းစည်းကမ်းမဲ့ ရပ်တန့်ယာဉ် ၆၂၇ စီး၊ အုတ်၊ ထုံး၊ သဲ၊ ကျောက်တင်စည်းကမ်းမဲ့ယာဉ် ၃၄ စီးတို့အား ဖမ်းဆီး၍ စည်ပင်သာယာဥပဒေပုဒ်မ ၂၆ အရ အရေးယူခဲ့ကြောင်းသိရသည်။**(ယာပုံ)**

(ကိုကိုကြီး-မန္တလေး)

ဘုရင့်နောင်လမ်းဆုံခုံးကျော်တံတား တည်ဆောက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းသို့သွားရောက်ရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောလျင်စွာပြီးစီးအောင် ဦးစားပေးဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်လုံခြုံမှုရှိစေရေး၊ ဘုရင့်နောင်လမ်းဆုံခုံးကျော်တံတားနှင့် ဘုရင့်နောင်အမှတ်(၂)မြစ်ကူးတံတားများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန် မှာကြားကာ Box Girder လုပ်ငန်း၊ Deck Slab / Concrete Work လုပ်ငန်းနှင့် Pile Bent လုပ်ငန်းများနှင့် တံတားချဉ်းကပ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၉-၂၀၁၃

ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်း)
၄ ဒသမ ၀၆ လက်မ
ရန်ကုန်(ကမ္ဘာအေး)
၂ ဒသမ ၉၂ လက်မ
ခရမ်း
၂ ဒသမ ၇၃ လက်မ
ရွှေကျင်
၂ ဒသမ ၆၀ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)
၂ ဒသမ ၆၀ လက်မ
မအူပင်
၂ ဒသမ ၄၀ လက်မ
ပူတာအို
၂ ဒသမ ၁၃ လက်မ
သိမ်ဖြူ
၁ ဒသမ ၇၅ လက်မ

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူများအား အိတ်ဖွင့်တင်ဒါဖြင့် စိတ်ဝင်စားမှုဖော်ပြ

ရန်ကုန် စက်တင်ဘာ ၈

ကျောက်ဖြူအထူးစီးပွားရေးဇုန် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးတည်ဆောက်သူ (Developer)များအား အိတ်ဖွင့်တင်ဒါဖြင့် ခေါ်ယူနိုင်ရန် အတိုင်ပင်ခံကုမ္ပဏီ (Consulting Firm) များထံမှ စိတ်ဝင်စားမှုဖော်ပြသည့်လျှောက်လွှာ (Expression of Interest-EOI) စတင်ခေါ်ယူသည့် အခမ်းအနားကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ စက်တင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ရန် မဟာဗျူဟာ နည်းလမ်းများရေးဆွဲခြင်း၊ ရင်းနှီးတည်ဆောက်လိုသူများအား နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးတည်ဆောက်သူများကို စိစစ်ရွေးချယ်ရာတွင် ငွေကြေးနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များတွင် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (Bid Evaluation and Awarding Committee -BEAC) အား အကြံဉာဏ်ပေးခြင်း၊ ရင်းနှီးတည်ဆောက်သူများရွေးချယ်ပြီးနောက် အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်နေစဉ် ကာလအတွင်း အရည်အသွေးစောင့်ကြည့်ထိန်းချုပ်ခြင်း (Monitoring and Quality Control) အစရှိသည့် ဝန်ဆောင်မှုများပေးနိုင်မည့် ပြည်တွင်းပြည်ပ အတိုင်ပင်ခံကုမ္ပဏီများထံမှ စိတ်ဝင်စားမှုဖော်ပြလွှာ (Expression of Interest-EOI)အား စတင် ဖိတ်ခေါ်သည့်အနေဖြင့် အဆိုပါအခမ်းအနားကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် ဦးဆောင်သော BEAC အဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ INGO နှင့် NGO အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

စိတ်ဝင်စားမှုဖော်ပြလွှာမူရင်းနှင့် မိတ္တူများကို တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီရုံး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉) နေပြည်တော်သို့ စက်တင်ဘာ ၂၅ ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ တွင်း တစ် နာ ရီ မိုင် (၃၀) ထက် ပို မ မောင်း ရ။

❖ **စစ်တွေမှ**

ပေ ၃၅၀ စုစုပေါင်းလမ်းအရှည်ပေ ၁၁၃၆၄ ပေ၊ လ
ဒု ရှစ်လက်မရှိ စစ်တွေမြို့လမ်းမကြီးအား ကွန်က
စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်နှင့် ဆတ်ရိုးကျရပ်ကွ
မည့် ဆတ်ရိုးကျတံတားတို့အား ရခိုင်ပြည်နယ်ဝန်
ကြည့်ရှုစစ်ဆေးသည်။ ဆတ်ရိုးကျတံတားမှာ အရှည်
ဖွင့်အကျယ်ပေ ၈၀၊ တံတားကားလမ်းအကျယ်
လူသွားလမ်း(ပလက်ဖောင်း)အကျယ် တစ်ဖက် ၁
ဖြတ်သန်းသွားလာရန် ရေယာဉ်လမ်းကင်းရှင်းရေးအ
သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး ဆတ်ရိုး
ရေကျပေါ်မူတည်၍ အပေါ်၊ အောက် တင်ချနိုင်သေ
System ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

❁ **မီးတောင်မှ**

ကမ္ဘာ့အကြီးဆုံး မီးတောင်အဖြစ် ယခင်က
မော်နာလိုအာမီးတောင်သည် အမေရိကန်ပြည်ထောင်စု
တည်ရှိပြီး စတုရန်းမိုင် ၂၀၀၀ ခန့်ရှိကာ ယနေ့ထက်တို
ရပ်တည်လျက်ရှိသည်။

တာမူမက်ဆစ်မီးတောင်သည် လွန်ခဲ့သည့် နှစ်ပေ
စတင်ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ကြောင်း၊ မီးတောင်၏ လိပ်
၄၀၀)ဧရိယာအတွင်း တစ်နံတစ်လျား တည်ရှိကြောင်း
တစ်ခုလုံးကို မီးတောင်ချော်ကျောက်နက်ဖြင့် ဖွဲ့စည်
ပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

❑ **ကြယ်လိပ်ထိန်းသိမ်းရေးမှ**

သေချာစွာမသိရှိခဲ့ကြသဖြင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိ
ဆောင်ရွက်ခဲ့ခြင်းမရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများအ
တိရစ္ဆာန်အချို့မှာ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရပေသည်
ပျောက်ကွယ်သွားမည်ဆိုပါက လူသားနှင့် သဘာဝပတ်
မျှတနေသည့် ကွင်းဆက်လည်း ပျက်သုဉ်းသွားမည်ဖြ

သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့်
ထိန်းသိမ်းရေးဌာနနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်း
ပူးပေါင်း၍ နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့
ကျေးရွာ ၁၂ ရွာရှိ အခြေခံပညာမူလတန်းကျောင်းနှင့်
ခွဲများရှိ ကျောင်းသား ကျောင်းသူ ၂၅၁၉ ဦးတို့
လေးရက်ကြာ ကြယ်လိပ်ထိန်းသိမ်းရေးဆိုင်ရာ ပ
ဆောင်ရွက်မှုအပေါ် ကျောင်းသား၊ ကျောင်းသူများ
အလယ်တန်းအဆင့် ခွဲခြား၍ သဘောထားဆန်းစစ်
တိုက်သုံးစာအုပ်များ၊ ကွန်ပါဘူးများ လျှဒါန်းခြင်းတို့ကို

ကြယ်လိပ်သည် ကျောခွံ၏အလယ်ခွက်၌ ထိ
ကြယ်ပုံစံဖြစ်နေသည်ကို အဓိကအစွဲပြု၍ ကြယ်လိပ်
တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း
တွေ့ရှိရသည်။ ဆူးချုံတော၊ သန်း၊ ဒဟတ်တောများတွ
ပါသည်။ (CITES) နောက်ဆက်တွဲ(၂)အရ လည်း
တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သ
ဥပဒေ ၁၉၉၄ ခုနှစ်တို့အရ လည်းကောင်း ဖမ်
ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ဆောင်ခြင်းတို့မှ က
သည်။

ကျောင်းသား ကျောင်းသူများသည် သဘေ
မေးခွန်းပုံစံများအား စိတ်ပါဝင်စားအောင် တုံ့ပြ
အနာဂတ်မျိုးဆက်များအတွက် တောရိုင်းတိရစ္ဆာန်
လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုသည့် စိတ်
မည်ဖြစ်ကြောင်း သိရှိရသည်။

စက်တင်ဘာ ၈ ရက်က မဟာဗန္ဓုလတံတား
မြင်ကွင်းကို တွေ့ရစဉ်။

❖ **စစ်တွေမှ**

ပေ ၃၅၀ စုစုပေါင်းလမ်းအရှည်ပေ ၁၁၃၆၄ ပေ၊ လမ်းအကျယ် ပေ ၄၀၊ ဒု ရှစ်လက်မရှိ စစ်တွေမြို့လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းလုပ်ငန်း၊ စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်နှင့် ဆတ်ရိုးကျရပ်ကွက်အား ဆက်သွယ်မည့် ဆတ်ရိုးကျတံတားတို့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆတ်ရိုးကျတံတားမှာ အရှည်ပေ ၂၈၀၊ တံတားခန်းဖွင့်အကျယ်ပေ ၈၀၊ တံတားကားလမ်းအကျယ် ၁၈ ပေ၊ တံတားလူသွားလမ်း(ပလက်ဖောင်း)အကျယ် တစ်ဖက် သုံးပေစီ၊ ရေယာဉ်ဖြတ်သန်းသွားလာရန် ရေယာဉ်လမ်းကင်းရှင်းရေးအကျယ် ၇၅ ပေရှိ RC သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး ဆတ်ရိုးကျချောင်း ရေတက်၊ ရေကျပေါ်မူတည်၍ အပေါ်၊ အောက် တင်ချနိုင်သော Mechanic Type System ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

(ပြည်နယ် ပြန်/ဆက်)

❁ **မီးတောင်မှ**

ကမ္ဘာ့အကြီးဆုံး မီးတောင်အဖြစ် ယခင်က သတ်မှတ်ခံခဲ့ရသော မော်နာလိုအာမီးတောင်သည် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်၌ တည်ရှိပြီး စတုရန်းမိုင် ၂၀၀၀ ခန့်ရှိကာ ယနေ့ထက်တိုင် မီးတောင်ရှင်အဖြစ် ရပ်တည်လျက်ရှိသည်။

တာမူမက်ဆစ်မီးတောင်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၅ သန်းခန့်က စတင်ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ကြောင်း၊ မီးတောင်၏ လိပ်ခုံးပုံမှာ(မိုင် ၂၈၀×မိုင် ၄၀၀)ဧရိယာအတွင်း တစ်နံတစ်လျား တည်ရှိကြောင်း၊ မီးတောင်၏ ဒြပ်ထုတစ်ခုလုံးကို မီးတောင်ချော်ကျောက်နက်ဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

❑ **ကြယ်လိပ်ထိန်းသိမ်းရေးမှ**

သေချာစွာမသိရှိခဲ့ကြသဖြင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးကို စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းမရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် အပင်နှင့် တိရစ္ဆာန်အချို့မှာ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရပေသည်။ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်သွားမည်ဆိုပါက လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ ညီညွတ်မျှတနေသည့် ကွင်းဆက်လည်း ပျက်သုဉ်းသွားမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ ပူးပေါင်း၍ နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တော ပတ်ဝန်းကျင် ကျေးရွာ ၁၂ ရွာရှိ အခြေခံပညာမူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲများရှိ ကျောင်းသား ကျောင်းသူ ၂၅၁၉ ဦးတို့ကို ဇူလိုင်လအတွင်း လေးရက်ကြာ ကြယ်လိပ်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ကျောင်းသား၊ ကျောင်းသူများ၏ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ခွဲခြား၍ သဘောထားဆန်းစစ်ခြင်း၊ ကျောင်းစာကြည့်တိုက်သုံးစာအုပ်များ၊ ကွန်ပါဘူးများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကြယ်လိပ်သည် ကျောခွံ၏အလယ်ခွက်၌ ထိပ်ဆုံးအကွက်သည် ကြယ်ပုံစံဖြစ်နေသည်ကို အဓိကအစွဲပြု၍ ကြယ်လိပ်ဟုခေါ်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တွေ့ရှိရသည်။ ဆူးချုံတော၊ သန်း၊ ဒဟတ်တောများတွင် နေထိုင်ကျက်စားပါသည်။ (CITES) နောက်ဆက်တွဲ(၂)အရ လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝထိန်းသိမ်းရေး ဥပဒေ ၁၉၉၄ ခုနှစ်တို့အရ လည်းကောင်း ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ဆောင်ခြင်းတို့မှ ကာကွယ်တားမြစ်ထားသည်။

ကျောင်းသား ကျောင်းသူများသည် သဘောထားဆန်းစစ်ခြင်း မေးခွန်းပုံစံများအား စိတ်ပါဝင်စားအောင် တုံ့ပြန်ဖြေဆိုခဲ့ကြသဖြင့် အနာဂတ်မျိုးဆက်များအတွက် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုသည့် စိတ်များကိန်းအောင်းလာမည်ဖြစ်ကြောင်း သိရှိရသည်။

လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများ ဒုတိယဝန်ကြီး ဦးထင်အောင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန်　　စက်တင်ဘာ　　၈

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်သည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ စက်မှုဇုန်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလုပ်ရှင်များ၊ မန်နေဂျာများနှင့် အလုပ်သမားများ၊ အလုပ်သမားရေးရာ ဆောင်ရွက်ပေးသူများနှင့် လူမှုအဖွဲ့အစည်းဝင်များအား တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုရေး၊ အလုပ်သမားများဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အလုပ်ရှင်များမှ အလေးထားဆောင်ရွက်ပေးရေး၊ အချိန်ပိုစေခိုင်းရာတွင် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားသည့် အချိန်ကာလအတွင်းသာဆောင်ရွက်ရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားစေရန် မိမိလုပ်သားများ၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် တိုးမြှင့်အောင် ဆောင်ရွက်ပေးရေး၊ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်၍ ဥပဒေနှင့်အညီ လုပ်ဆောင်ရေး၊ မလွှဲသာ၍ အငြင်းပွားမှုများရှိလာပါက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရသာ ဆောင်ရွက်ရေးတို့ကို ပွင့်ပွင့်လင်းလင်း အသေးစိတ် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Great Forever ဇာပန်းထိုးစက်ရုံ၊ Hallmark အထည်ချုပ်စက်ရုံ၊ Esquire ဖိနပ်စက်ရုံ၊ Gallant Ocean အအေးခန်းစက်ရုံ၊ လက်ဝါးအထည်ချုပ်စက်ရုံနှင့် ခွန်းပိုင်ဘလောက်တုံးစက်ရုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား
အစီအစဉ်အကျဉ်း

၉-၉-၂၀၁၃ (တနင်္လာနေ့)

၅း၄၀	"အိပ်ပျော်နေသူနှင့်နိုးကြားသူ" တရားတော် (ဓမ္မဒူတ အရှင်ပညာဝရ)
၆း၂၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ"(အပိုင်း-၆၇)
၇း၁၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၇)
၈း၂၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ"(အပိုင်း-၄၈)
၉း၀၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ " ဒိဗိုင်နာမမ" (အပိုင်း-၂၂)



ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့်အဖွဲ့ဝင်များ စက်တင်ဘာ ၈ ရက်က သန်လျင်မြို့နယ် ငါးပြေမကျေးရွာသို့ ကွင်းဆင်း၍ ကျေးလက်ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။

(သန်းဝင်း-တညင်လေး)

○ **တောင်ငူမှ**

ဖြစ်ပွားပုံမှာ တောင်ဘက်မှမြောက်ဘက်သို့ ဆန်အိတ်များ တင်ဆောင်လာသော ယာဉ်မောင်း မင်းဇော်ဦး(၄၁)နှစ် မိတ္ထီလာမြို့ မိတ္တဗလရပ်ကွက်နေသူ မောင်းနှင်လာသော မစ်ဆူဘစ်ရှီ(ကင်တာ) အမျိုးအစား အဖြူရောင်ယာဉ်နှင့် မလှိုင်မြို့မှ ကြက်သွန်အိတ်များ တင်ဆောင်လာ၍ ယာဉ်မောင်းဝဏ္ဏထွန်းမောင်းနှင်လာသော နီဆန်း (ဖူဆို) အမျိုးအစား ၁၀ ဘီးယာဉ်သည် အရှိန်ပြင်းစွာ ဝင်တိုက်မိပြီး အဖြူရောင်ကင်တာ အမျိုးအစားယာဉ်မှာ လမ်းဘေးရှိ သစ်ပင်ဖြင့် ထပ်မံတိုက်မိခဲ့သောကြောင့် ယာဉ်ကိုယ်ထည် တစ်ခုလုံးမှာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် အဖြူရောင်ကင်တာယာဉ်မှ ယာဉ်နောက်လိုက် အငယ်လေး(ခ)အေးမင်းစိုး မိတ္ထီလာမြို့နေသူမှာ ဦးခေါင်းပေါက်ပြဲ၊ ခြေထောက်ကျိုး၊ နှာခေါင်းသွေးထွက် ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး ကျန်သုံးဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် တောင်ငူခရိုင်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။ အဆိုပါယာဉ်တိုက်မှုကို တောင်ငူမြို့အမှတ်(၁) ရဲစခန်းက (ပ)၃၉/၁၃၊ ပုဒ်မ ၃၃၈/၃၀၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နိုင်ငံကူးလက်မှတ်အတုဖြင့် ဝင်ရောက်သူအား အရေးယူ

နေပြည်တော်　　စက်တင်ဘာ　　၈

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ယင်းရဲရွာနေ မြင့်ထွန်းဇော်(၂၅)နှစ်သည် စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မလေးရှားနိုင်ငံမှ မလေးရှားလေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ် စစ်ဆေးခဲ့ရာ နိုင်ငံကူးလက်မှတ်အတုဖြင့် ဝင်ရောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မြင့်ထွန်းဇော်အား မင်္ဂလာဒုံမြို့မရဲစခန်းက (ပ)၅၆၀/၂၀၁၃၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)/၁၃(၇)(ဂ)(ဃ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အိမ်ရှင်မရှိခိုက် စက်မီးကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန်　　စက်တင်ဘာ　　၈

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဒလ-တွံတေးကားလမ်းမဘေး (စိမ်းလန်းအကွက်နံပါတ်-၅)တွင် ဩဂုတ် ၇ ရက် ည ၈ နာရီ ၄၅ မိနစ်က လျှပ်စစ်စက်မီးကြိုးအပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၇ ရက် ည ၈ နာရီ ၄၅ မိနစ်က ကမာကဆစ်ရပ်ကွက် (စိမ်းလန်းအကွက် နံပါတ်-၅) နေ ဦးစုန်ဘုန်းဆိုသူ၏ ကြယ်စင်စားသောက်ဆိုင်မှ သွယ်တန်းထားသော စက်မီးကြိုးမှတစ်ဆင့် အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်ချိန်တွင် ကြယ်စင်စားသောက်ဆိုင်၌ လူများရှိနေခြင်းမရှိသောကြောင့် အနီးပတ်ဝန်းကျင်နေ ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် လောင်ကျွမ်းချိန်မှာ ငါးမိနစ်ဝန်းကျင်သာ ကြာမြင့်ခဲ့ပြီး ဘေးပတ်ဝန်းကျင်သို့ ကူးစက်လောင်ကျွမ်းခြင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ၁၀ ပေပတ်လည်အိမ်နောက်ဖေးအဆောင် မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ ဦးစုန်ဘုန်းအား ဒလမြို့မရဲစခန်းက (ပ)၃၉၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မင်းရဲမာန်-နေပြည်တော်)

နောင်ချိုမြို့တွင် ဘိန်းဖြူ ၉ ဒသမ ၁၂ သိန်းဖိုး ဖမ်းဆီးရမိ

နေပြည်တော်　　စက်တင်ဘာ　　၈

လားရှိုးမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)တွင် လားရှိုးဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် 'ခြသေ့်မင်း' ခရီးသည်တင်ယာဉ်အား စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရပ်တန့်ရှာဖွေခဲ့ရာ ခရီးသည်အဖြစ် လိုက်ပါလာသည့် ကလေးမြို့ ပြည်တော်သာရွာနေ ဂင်ဒိုမာန်(၅၀)နှစ်၏ ခေါက်စားပွဲ မျက်နှာပြင်အောက်တွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော ဘိန်းဖြူ ၄၈ ဂရမ်(တန်ဖိုးငွေကျပ် ၉ ဒသမ ၁၂ သိန်း)ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ဂင်ဒိုမာန်အား နောင်ချိုမြို့မရဲစခန်းက မယ(ပ) ၄၆/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)



စက်တင်ဘာ ၈ ရက်က မဟာဗန္ဓုလတံတား ဘေးကာဘာပေါင်အား ၄ခ/--- သဲကား ဝင်တိုက်မိသည့် မြင်ကွင်းကို တွေ့ရစဉ်။

(ခင်မောင်ဝင်း-ကြေးမုံ)

ဖားကန့်မြို့နယ်တွင် ဘိန်းဖြူအမှုန့် ၇၂ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော်　စက်တင်ဘာ　၈

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရပ်ကွက် (၄) ကျောက်သွေးတောင်ဘုရားလမ်းမပေါ်တွင် စက်တင်ဘာ ၆ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ ဆိပ်မူကျေးရွာအုပ်စု ရွာဟောင်းကျေးရွာနေ တင်လှိုင် (၃၃)နှစ် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေခဲ့ရာ ဆိုင်ကယ် Tool Box အတွင်းမှ ဘိန်းဖြူအမှုန့် ၇၂ ဂရမ် တန်ဖိုးငွေကျပ် ၆၈၄၀၀၀၀ အား သိမ်းဆည်းရမိသဖြင့် တင်လှိုင်အား ဖားကန့်မြို့မရဲစခန်းက မယ(ပ) ၆၃/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ပြည်ထဲရေး)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

အတွေးအရေး

ဒေါက်တာခင်မျိုးမြင့်ကြူ

သာယာချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နည်း

စစ်မှန်တဲ့ သာယာပျော်ရွှင်ချမ်းမြေ့မှုဆိုတာ အင်မတန်မှ တန်ဖိုးကြီးလှပါတယ်။ လူတစ်ယောက်ဟာ သူ့ဘဝမှာ ရှင်သန်မရပ်တည်နိုင်ဘူးဆိုရင် ပျော်ရွှင်မှုမရရှိနိုင်သလို သာယာချမ်းမြေ့မှုဆိုတာကတော့ ဝေးလာဝေးသေးရဲ့။ ရိုးသားမှုမရှိ၊ ဖြောင့်မတ်မှန်ကန်မှုမရှိ ယိုယွင်းပျက်စီးနေတဲ့ ပရမ်းပတာလောကကြီးမှာ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ရတာ အင်မတန်မှခက်ခဲကြမ်းတမ်းလှပါတယ်။

ဒါကြောင့် လူတိုင်းလူတိုင်း သူတို့ခံစားနေကြရတဲ့ ဒုက္ခတွင်းက လွတ်မြောက်ဖို့ သူတို့ပိုင်ဆိုင်ထားတဲ့လောကအတွင်းမှာပဲ ပျော်ရွှင်ချမ်းမြေ့မှုကို ရှာဖွေကြရတယ်။ တစ်ခါတလေ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေရဲ့ မှားယွင်းတဲ့ အပြုအမူတွေကြောင့် ကိုယ့်ဘဝရှင်သန်ရေးကို အဟန့်အတား ဖြစ်စေသလို တစ်ခါတလေကျတော့လည်း ကိုယ့်လုပ်ရပ်ကြောင့်ပဲ ကိုယ့်ရဲ့ဘဝ ယိမ်းယိုင်သွားတတ်တာတွေ ရှိတတ်ပါတယ်။

အဲဒီလိုပါပဲ။ သူတစ်ပါးရဲ့ မရိုးသားမှုနဲ့ လွဲမှားတဲ့ အပြုအမူတွေကြောင့် ကိုယ့်ရဲ့ကိုယ်ပိုင်ပျော်ရွှင်ချမ်းမြေ့မှုတွေဟာ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာတွေအဖြစ် ပြောင်းလဲသွားနိုင်သလို ကိုယ့်ရဲ့အမှားကြောင့် ကိုယ့်ပျော်ရွှင်မှုတွေ ပျက်စီးဆုံးရှုံးသွားနိုင်ပါတယ်။ သူများကြောင့် ဆုံးရှုံးသွားရတာထက် ကိုယ့်ကိုယ်ကိုယ်ဖျက်လို့ ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားရတာကတော့ ဆိုးရွားလွန်းလှပါတယ်။ သံကိုသံဖျက် သံချေးတက်၊ ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားတွေက ဒီလိုမဖြစ်ရလေအောင် သတိပေးထားတဲ့ စကားတွေပါ။ ကိုယ့်အမှားမဖြစ်ရလေအောင် ဆင်ခြင်နိုင်ပြီဆိုရင်တော့ ပျော်ရွှင်မှုလမ်းစ ရှာတွေ့ဖို့မဝေးတော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ်အရေးပါတဲ့သူတစ်ယောက်အဖြစ်တွေးပါ။

သူတစ်ပါးကိုလွှမ်းမိုးနိုင်တယ်၊ သူတစ်ပါးပျော်ရွှင်အောင် စွမ်းဆောင်နိုင်တယ်လို့ ယုံကြည်ပါ။ သူတစ်ပါးရဲ့ ပျော်ရွှင်ခြင်း၊ မပျော်ရွှင်ခြင်းဟာ ကိုယ့်အတွက်အရေးကြီးတယ်လို့ခံယူပါ။ အဲဒီအခါမှာ သိပ်ခက်ခက်ခဲခဲမကြိုးစားရဘဲ သင့်ဘဝရှင်သန်ရပ်တည်နိုင်ပြီး ပျော်ရွှင်ချမ်းမြေ့မှုရရှိလာပါလိမ့်မယ်၊ The Way to Happiness Foundation International က ထုတ်တဲ့စာစောင်တစ်ခုမှာ ရှာဖွေဖတ်ရှုခဲ့ဖူးတဲ့ သာယာချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နည်း ၂၁ နည်းကို ဘာသာပြန်ဖော်ပြပေးလိုက်ပါတယ်။ ရခဲလှစွာ လူ့ဘဝမှာ လျှောက်လှမ်းရမယ့်ခရီးက ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းကြပါစေ သာယာချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ရန် ကြိုးစားကြစေလိုပါတယ်။

သာယာချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နည်း ၂၁ နည်း

၁။ မိမိကိုယ်မိမိ ဂရုစိုက်ပါ။
၂။ မိမိကိုယ်မိမိ ထိန်းသိမ်းပါ။
၃။ စာရိတ္တမပျက်ပြားပါနှင့်။
၄။ ချစ်တတ်ပါ။ကလေးများကိုကူညီပါ။
၅။ ရိုးသားပါ။
၆။ နမူနာကောင်းများ ချမှတ်ပါ။
၇။ အမှန်တရားဖြင့် နေထိုင်နိုင်အောင် ရှာဖွေပါ။
၈။ သူ့အသက်မသတ်ပါနှင့်။
၉။ တရားမဝင်သည့် အလုပ်များ မည်သည့်အခါမျှ မလုပ်ပါနှင့်။
၁၀။ ဥပဒေဘောင်အတွင်းနေထိုင်ပါ။ အများအကျိုး ဆောင်ရွက်ပါ။
၁၁။ စိတ်သဘောထားကောင်းသူများကို ဒုက္ခမပေးပါနှင့်။
၁၂။ မိမိဝန်းကျင်ကို စောင့်ရှောက်ကာကွယ်ပါ။ တိုးတက်အောင် စွမ်းဆောင်ပါ။
၁၃။ မခိုးယူပါနှင့်။
၁၄။ ယုံကြည်ခံထိုက်သူဖြစ်ပါစေ။
၁၅။ တာဝန်ဝတ္တရားများ ကျေပွန်ပါ။
၁၆။ လုံ့လဝီရိယဖြင့် ကြိုးစားပါ။
၁၇။ အစွမ်းအစ လုပ်ရည်ကိုင်ရည် ရှိပါစေ။
၁၈။ သူတစ်ပါး၏ ဘာသာရေးယုံကြည်သက်ဝင်မှုကို လေးစားပါ။
၁၉။ ကိုယ်အလုပ်ခံရရင်မကြိုက်တဲ့အရာကို သူတစ်ပါးကို လုပ်ဖို့မကြိုးစားပါနှင့်။
၂၀။ ကိုယ့်ကိုပြုမူစေလိုတဲ့ အပြုအမူမျိုးကိုသာ သူတစ်ပါး အပေါ်ပြုမူပါ။
၂၁။ တိုးတက်အောင်ကြံဆောင်လုပ်ကိုင်ပါ။

မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းရေး ကွင်းဆင်းဆောင်ရွက်

မန္တလေး စက်တင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကြည်ဦး၊ ဦးစီးအရာရှိ ဒေါက်တာမြနှင်းထွေး၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့မှ ဦးစီးမှူးများ ပါဝင်သော ကွင်းဆင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီက နွားမွေးမြူရေးလုပ်ငန်း ပိုမိုဖြစ်ထွန်းအောင်မြင်စေရန်အတွက် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ကွင်းဆင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်၊ ပြည်ကြီးရန်လုံရပ်ကွက်တို့တွင် နို့စားနွားမွေးမြူရေးသမားများနှင့် တွေ့ဆုံ၍ မေထုန်မဲ့သားစပ်ခြင်းဖြင့် မျိုးရိုးမြှင့်တင်ရန်နှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော နွားချေးများကို စနစ်တကျ သိမ်းဆည်းခြင်းဖြင့် တန်ဖိုးရှိသော သဘာဝမြေသြဇာအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးရှိစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း ပညာပေးဆွေးနွေးသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဒုဦးစီးမှူးများ၊ လက်ထောက်ကျန်းမာရေးမှူးများနှင့်အတူ ပုသိမ်ကြီးမြို့နယ် ကြံခင်းကျေးရွာမှ ဧရာဝတီမြစ်ရေတိုးသဖြင့် အောင်မြေသာစံမြို့နယ် ကြံခင်းရပ်ကွက်သို့ ခေတ္တပြောင်းရွှေ့ မွေးမြူထားသော နွားမွေးမြူရေးသမားများထံ သွားရောက်၍ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်အရ ထိုးနှံထားသော ကာကွယ်ဆေးများ ပြန်လည်ထိုးရမည့်အချိန်တွင် ပြန်လည်ထိုးနှံရန်နှင့် ပုသိမ်ကြီးမြို့နယ် ဝန်ထမ်းများသာမက အောင်မြေသာစံ၊ ချမ်းအေးသာစံမြို့နယ်တို့မှ ဝန်ထမ်းများနှင့်ပါ ဆက်သွယ်၍ အကူအညီတောင်းခံကြရန် ဆွေးနွေးခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် အမရပူရ ဝန်ထမ်းများနှင့်အတူ မြို့ပတ်လမ်းအတိုင်း အမရပူရမြို့နယ် ရှမ်းကလေးကျွန်း ကျေးရွာအနီးတွင် မွေးမြူထားသော နွားမွေးမြူရေးသမားများနှင့် ရွှေကြက်ယက်ကျေးရွာမှ မွေးမြူရေးသမားများထံသို့ ကွင်းဆင်းတွေ့ဆုံခဲ့ကာ မွေးမြူရေးသမားများက တင်ပြသောအခက်အခဲများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အမရပူရမြို့နယ် ဝန်ထမ်းများအနေဖြင့် ယခုထက်ပိုမို၍ စုပေါင်းကွင်းဆင်းကြရန် မှာကြားခဲ့ကြောင်းသိရသည်။

(တင်မောင်- မန္တလေး)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ကလေးမြို့တွင် မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

ကလေး စက်တင်ဘာ ၈

ကလေးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်က ကလေးခရိုင် ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းသားများ တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မိုးရာသီဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ယခုကျင်းပသော ဘောလုံးပြိုင်ပွဲမှာ ခြောက်နှစ်တာမျှ ဝေးကွာခဲ့သော ဘောလုံးပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးခြင်းဖြစ်ပြီး ခရိုင်ဘောလုံးကွင်းအနေဖြင့်လည်း ပြုပြင်ထိန်းသိမ်းမှုများ များစွာလိုအပ်နေသေးကြောင်း သိရသည်။

လရိပ်ပြာ(ကလေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၉-၂၀၁၃ (တနင်္လာနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၇း၂၀ “ထိန်းသိမ်းအပ်ပေမြန်မာ့ ယဉ်ကျေးမှုအမွေ”
၉း၅၀ လှပစုံလင်အာဆီယံတစ်ခွင်
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် “ပန်းမြိုင်လယ်ကဥယျာဉ်မှူး” (ကျော်ဟိန်း၊ နေအောင်၊ သိဂီထွန်း) (ဒါရိုက်တာ-မောင်တင်ဦး)
၃း၄၀ “လက်တစ်ကမ်း”
၅း၁၅ ရောင်စုံရေးသီတေးပန်းချီ
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
၈း၄၅ ကြယ်ပွင့်များရဲ့အထင်ကရတေးများ



Facebook လူမှုကွန်ရက် ၊ သတင်းဝက်ဘ်ဆိုက် များတွင် စာနယ်ဇင်းကျင့်ဝတ်သိက္ခာနှင့်အညီ အမှန်ကိုသာ ဖော်ပြစေလို

ရန်ကုန် စက်တင်ဘာ ၈

သတင်းထောက်များတွေ့ဆုံမေးမြန်းခြင်းမရှိဘဲ ရေးသားဖော်ပြခြင်း မပြုကြရန် မေတ္တာရပ်ခံကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ စက်တင်ဘာ ၆ ရက်က ထုတ်ပြန်ချက်အရ သိရသည်။

ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည့် 'မုဒိမ်းရဲနှင့်အတူ ပြည်သူငါးဦးကို တရားစွဲ' ဆိုသည့် သတင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးသို့ ဆက်သွယ်မေးမြန်းခဲ့သည်ဟု ထည့်သွင်းရေးသား ထားခဲ့ရာ ယင်းသတင်း ဖော်ပြသည့် သတင်းစာမှ သတင်းထောက်များအနေဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးအား ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းခြင်းမရှိဘဲ မဟုတ်မမှန် ထည့်သွင်းရေးသားထားရှိသဖြင့် နောင်တွင် မေးမြန်းခြင်းမရှိဘဲ သတင်းရေးသားဖော်ပြခြင်းမပြုလုပ်ကြပါရန် မေတ္တာရပ်ခံလိုက်ကြောင်း သိရသည်။

Facebook လူမှုကွန်ရက် သုံးသူများ၊ သတင်းဝက်ဘ်ဆိုက်များအနေဖြင့် စာနယ်ဇင်းကျင့်ဝတ်သိက္ခာနှင့်အညီ အမှန်ကိုသာဖော်ပြစေလိုပါကြောင်း၊ မေးမြန်းခြင်းလည်းမရှိ၊ ဖြေကြားပေးခြင်းလည်းမရှိသည့် ကိစ္စရပ်များအား အမှန်မဟုတ်ဘဲ ဟုတ်သကဲ့သို့ ရေးသားဖော်ပြကြသဖြင့် သတင်းဖတ်ရှုသူပြည်သူများအနေဖြင့် ထင်ယောင်ထင်မှား ဖြစ်စေနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် မှူခင်း၊ သတင်းများနှင့် ပတ်သက်၍ သတင်းမီဒီယာများနှင့် ပြည်သူများမှ မေးမြန်းလာပါက သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းအမှန်အားဖြေကြားပေးလျက်ရှိကြောင်းနှင့် ဆက်သွယ်မေးမြန်းလိုပါက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ရဲမှူးမြင့်ထွေး ဖုန်း-၀၉-၈၆၀၂၃၆၃သို့လည်းကောင်း၊ မှူခင်းဌာနမှ ဒုရဲမှူး သီသီမြင့် ဖုန်း-၀၁ ၂၁၇၅၁၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(စိုးဝင်း-MLA)



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် စက်တင်ဘာ ၅ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အဆိုပါကျောင်း၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ထွန်းထွန်းက ယာဉ်စည်းကမ်းနှင့်ပတ်သက်သော မီးပွိုင့်တွင် မီးဝါလျှင် အရှိန်လျှော့၊ မီးနီလျှင်ရပ်ပြီး မီးစိမ်းမှဖြတ်ရန်၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး လမ်းလျှောက်လျှင် လမ်း၏ညာဘက်မှ လျှောက်ရန်၊ ပလက်ဖောင်းပေါ်မှ လျှောက်ရန် စသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောခဲ့သည်။ အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမ ၁၅ ဦး၊ ကျောင်းသားကျောင်းသူ ၃၅၇ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၆၄)

စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ခြောက် ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေး ရက်မှ ခြောက်ရက်ခန့် ရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း သိရသည်။

(မိုး/ဇလ)

ကမ္ဘာလှည့်ခရီးသည်များနှင့် ဆက်ဆံမှုအဆင်ပြေရေး ကျိုက်ထီးရိုးမော်တော်ယာဉ်အသင်း အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ကျိုက်ထို စက်တင်ဘာ ၈

ကျိုက်ထိုမြို့နယ် တောင်တက်မော်တော်ယာဉ်အသင်းမှ ကြီးမှူး၍ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဂိတ်စာရေးများအား ကမ္ဘာ့အံ့ဖွယ်တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့၌ တည်ရှိသော ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားသို့ လာရောက်ကြည်ညိုလေ့လာကြသည့် နိုင်ငံခြားသားများနှင့် အဆင်ပြေစွာ ကူညီနိုင်ရန်အတွက် အင်္ဂလိပ်စကားပြောသင်တန်းကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းကာလမှာ ၂၃ ရက် ကြာပို့ချမည်ဖြစ်ပြီး နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝင်းမောင်)

မိုးသတိပြု

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၉-၂၀၁၃ (တနင်္လာနေ့)

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၄၅	မှတ်တမ်း
၇း၁၀	သာယာသီကြွေးခေတ်ဆန်းတေး
၈း၁၀	ရွှေဟောင်းသုတ
၈း၃၅	ဇာတ်လမ်းတို
၄း၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	ဗွီစီဒီကျော်ကြားတေး
၅း၀၅	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်စံအိမ်” (ဒုတိယတွဲ) (အပိုင်း-၂၉)
၆း၂၀	သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချိုမြိန်သောဘဝ” (အပိုင်း-၄၆) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုယ်ယုံကြည်သော ချစ်ခြင်းဖြင့်” (အပိုင်း-၃၄) -တရားတော်

ရုပ်ရှင်လောကတွင် မိသားစုတစ်စုလုံးအကယ်ဒမီရခဲ့သည့် ထူးခြားဖြစ်စဉ်ကိုပိုင်ဆိုင်ထားသူ အကယ်ဒမီမင်းသမီးကြီး တင်တင်မူ

မေစန္ဒာ
စုစည်းရေးသားသည်

တစ်ချိန်တစ်ခါက လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သော မင်းသမီးတစ်လက်ဖြစ်သည့် ရုပ်ရှင်မင်းသမီးကြီး တင်တင်မူကို ယနေ့ခေတ်လူငယ်များအတွက် ကြားဖူးနားဝအနေဖြင့်သာ ရှိမည်ဖြစ်သော်လည်း အသက်(၃၀) နှင့်အထက် ရုပ်ရှင်ချစ်ပရိသတ်များအဖို့ ကောင်းကောင်းကြီး မှတ်မိနေကြမည်ဖြစ်ပါသည်။

စစ်ပြီးခေတ်တွင် အောင်မြင်ကျော်ကြားလာခဲ့သည့် ရုပ်ရှင်မင်းသမီးကြီး တင်တင်မူသည် ရတနာပုံ၊ ဖိုးပြုံးချို၊ နှစ်ယောက်တည်းနေချင်တယ် စသည့် ဇာတ်ကားများတွင် ပီပီပြင်ပြင်သရုပ်ဆောင်ခဲ့ပြီး ထိုခေတ်ထိုအခါက စီးကရက်ကို လက်ကြားညှပ်ကာ စတိုင်ကျကျသောက်ပြီး အထက်တန်းလွှာဇာတ်ရုပ်ကို အပီပြင်ဆုံးသရုပ်ဆောင်နိုင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

ထိုခေတ်က ရုပ်ရှင်သရုပ်ဆောင်များသည် သရုပ်ဆောင်ရာတွင် ဇာတ်ဝင်သီချင်းကို မဖြစ်မနေသီဆိုခဲ့ရပြီး တင်တင်မူ သီဆိုခဲ့သည့် သီချင်းများအနက် ဆရာကြီးရွှေပြည်အေး ရေးစပ်သီကုံးပေးထားသည့် ရွှေလည်တိုင်သီချင်းမှာမူ ယနေ့ခေတ်အထိ အောင်မြင်နေဆဲပင်ဖြစ်သည်။ ပင်ကိုအသံသိပ်မကောင်းလှသော်လည်း လေယူလေသိမ်း အရှုအရှိုက်ကောင်းမွန်စွာဖြင့် သီဆိုထားသဖြင့် နားထောင်ရသူအဖို့မှာ စွဲမက်စရာကောင်းလှသည်။

မင်းသမီးကြီး တင်တင်မူ၏ အမည်ရင်းမှာ မသက်တင်ဖြစ်သည်။ တင်တင်မူသည် အနုပညာတွင် ဝါသနာထုံသကဲ့သို့ အားကစားဘက်တွင်လည်း ထူးချွန်သူတစ်ဦးဖြစ်သည်။ မုဒုံဇာတိဖြစ်သူ တင်တင်မူသည် ၁၉၄၇ ခုနှစ်က ကာယဗလမောင်မယ်ရွေးပွဲ၌ မုဒုံမယ်အဖြစ် ရွေးချယ်ခံခဲ့ရပြီးနောက် အနုပညာလောကသို့ စတင်ခြေချခဲ့သည်။ ထိုစဉ်က တင်တင်မူ၏အမည်မှာ မုဒုံအမာတင်ဖြစ်ပြီး ၎င်း၏ ပထမဆုံးသော ဇာတ်ကားမှာ မင်းသားဇေယျနှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည့် လင်နှင့်အပျိုဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားမှ ဒါရိုက်တာ ဦးချန်ထွန်းက အမာတင်(ခ) မသက်တင်ကို တင်တင်မူဟု အမည်ပြောင်းပေးခဲ့ရာမှ ရုပ်ရှင်မင်းသမီး တင်တင်မူဖြစ်လာခဲ့သည်။

တင်တင်မူအမည်ဖြင့် ရွှေပေါ်မြတင်ဇာတ်ကားကို ဆက်လက်ရိုက်ကူးခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားတွင် မင်းသားကျော်ဝင်းနှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာမှ ၎င်းတို့နှစ်ဦး မေတ္တာမျှကာ လက်ထပ်ခဲ့ကြသည်။

၁၉၄၉ ခုနှစ်တွင် ရုပ်ရှင်မင်းသမီးတင်တင်မူသည် နေ့ဘက်တွင် ရုပ်ရှင်ရိုက်ကူးပြီး ညဘက်တွင် ပြဇာတ်ကခဲ့သည်။ တင်တင်မူ၏ ပထမဆုံးကပြခဲ့သည့် ပြဇာတ်မှာ ပင်မြင့်မာလာပြဇာတ်ဖြစ်ပြီး ၁၉၄၉-၁၉၅၅ ခုနှစ်များအတွင်း တင်တင်မူ၏ ထင်ရှားသောပြဇာတ်များမှာ ပင်မြင့်မာလာ၊ မုန်းချစ်သနား၊ ညိုပြာညက်ကယ်၊ ချစ်တော့ချစ်တယ်၊ ချစ်ပန်းသဇင်၊ ချစ်သမျှကို၊ လူကုံထံ၊ ငယ်ကျွမ်းဆွေ၊ ခိုင်းတော့သက်ဝေ၊ ချစ်ပန်းနှစ်ခိုင် စသည်တို့ဖြစ်သည်။

တင်တင်မူသည် ပြဇာတ် ၃၀ ကျော် ကပြသရုပ်ဆောင်ခဲ့ရာတွင် ဒဂုန်ဆရာတင်၏ ငယ်ကျွမ်းဆွေပြဇာတ်တွင် အသက်အဖြစ် ပါဝင်ကပြခဲ့ရာ အလွန်နာမည်ကြီးခဲ့ပြီး ယင်းပြဇာတ်ကို ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်အဖြစ်ပြန်လည်ပုံဖော်ရာတွင်လည်း တင်တင်မူပင် ပြန်လည်ပါဝင်သရုပ်ဆောင်ခဲ့သည်။

ထူးခြားတဲ့ အနုပညာရှင် အမေ နှင့် သမီး

ရုပ်ရှင်မင်းသမီးကြီး တင်တင်မူ

ရုပ်ရှင်မင်းသမီး ဒေစီကျော်ဝင်း

မင်းသမီးကြီး တင်တင်မူသည် ၁၉၆၅ ခုနှစ်တွင် သဲလွန်စ ဇာတ်ကားဖြင့် အကယ်ဒမီရရှိခဲ့ကာ ခင်ပွန်းဖြစ်သူ ဦးကျော်ဝင်းမှာလည်း ၁၉၅၂ ခုနှစ်က မာလာရီဇာတ်ကားဖြင့် ပထမဆုံးသောရုပ်ရှင်မင်းသားအကယ်ဒမီဆုရရှိခဲ့သူတစ်ဦးဖြစ်သည်။ ဦးကျော်ဝင်း အကယ်ဒမီရစဉ် ၁၉၅၂ ခုနှစ်က အကယ်ဒမီဆုဟုမခေါ်တွင်သေးဘဲ အမျိုးသားပညာသည်ဆုဟု ခေါ်ဝေါ်သတ်မှတ်စဉ်ကာလဖြစ်သည်။ ၎င်းတို့နှစ်ဦး၏မျိုးဆက်သစ် သမီးဖြစ်သူ ဒေစီကျော်ဝင်းသည်လည်း မိဘအမွေကိုအပြည့်အဝဆက်ခံနိုင်ခဲ့သူတစ်ဦးဖြစ်သည်။

ဒေစီကျော်ဝင်းကိုမူ ယနေ့ခေတ်ရုပ်သံလိုင်းအချို့၌ ထုတ်လွှင့်ပြသလေ့ရှိသည့် ပယင်းရောင်ဇာတ်ကားတွင် မင်းသားကြီး ကောလိပ်ဂျင်နေဝင်းနှင့်တွဲဖက်သရုပ်ဆောင်ထားသည်ကို မြင်တွေ့ဖူးကြမည်ဖြစ်သည်။ ၎င်းသည်လည်း ၁၉၇၁ ခုနှစ်တွင် အားနွဲ့သူပါရှင်ဇာတ်ကားဖြင့် အကယ်ဒမီဆုရရှိခဲ့သူတစ်ဦးဖြစ်သည်။ ယင်းသို့ မိဘနှစ်ပါးလုံးရော သမီးအပါအဝင် မိသားစုသုံးယောက်စလုံး အကယ်ဒမီရခဲ့သည့်ဖြစ်စဉ်သည် မြန်မာ့သမိုင်းတွင် ရှားပါးသဖြင့် ထူးခြားသောမိသားစုဟု ဆိုရမည်ဖြစ်သည်။

တင်တင်မူသည် ၁၉၅၇ ခုနှစ်တွင် 'ခင်ဦး'ရုပ်ရှင်ကုမ္ပဏီကိုတည်ထောင်ကာ 'နှင်းတွေဝေမှဖြင့်'ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ယင်းကို 'မြန်မော်ဦး'ရုပ်ရှင်ထုတ်လုပ်ရေးဟု အမည်ပြောင်းလဲခဲ့သည်။ ထို့နောက် ၁၉၆၈ ခုနှစ်တွင် 'ဦးသူအနိုင်ယူ'ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ရုပ်ရှင်လောကမှ အနားယူခဲ့သည်။ ၎င်းသည် အနှစ်(၂၀)ကျော် ရုပ်ရှင်သက်တမ်းကာလအတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော်ရိုက်ကူးခဲ့ပြီး နာမည်ကျော်သရုပ်ဆောင်အများအပြားကို မွေးထုတ်ခဲ့သူလည်းဖြစ်သည်။

ထို့ကြောင့် နှစ်ပေါင်းမည်မျှပင် ကြာသော်ငြားလည်း လူသာသေသည် နာမည်မသေဆိုသည့်အတိုင်း တစ်ချိန်က နာမည်ကျော်လူကြိုက်များခဲ့သည့် ရုပ်ရှင်မင်းသမီး တင်တင်မူ၏ အနုပညာလက်ရာများသည် ယနေ့ ထက်တိုင်ရှင်သန်နေဆဲဖြစ်ပြီး နောင်လာနောက်သားတို့၏ ရင်ထဲတွင် အမှတ်ရနေမည်သာဖြစ်ပါတော့သည်။ ။

အနာဂတ်တွင် အနမ်းပေးသည့် ဇာတ်ဝင်ခန်းများပါဝင်သည့် ဇာတ်ကားများရိုက်ကူးမှုကို ငြင်းဆန်သွားမည့် ကရီနာကပူး

နာမည်ကျော် ဘောလိဝုဒ်သရုပ်ဆောင် ကရီနာကပူးက Satyagraha ဇာတ်ကားအပြီး အနာဂတ်တွင် လက်ခံရိုက်ကူးသွားမည့် ဇာတ်ကားများတွင် အနမ်းပေးသည့်ဇာတ်ဝင်ခန်းများပါဝင်သည့်ဇာတ်ကားများကို ရိုက်ကူးတော့မည်မဟုတ်ကြောင်း မီဒီယာများကို တရားဝင်ထုတ်ဖော်အသိပေးခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ မင်းသမီးကရီနာကပူးသည် လက်ထပ်ပြီးကတည်းက မည်သည့်မင်းသားနှင့်မျှ အနမ်းပေးသည့်ဇာတ်ဝင်ခန်းများ ရိုက်ကူးခြင်းမရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ကရီနာသည် ယခုလက်ရှိတွင် မင်းသား အာရ်မန်ခမ်နှင့်အတူ Gori Tere Pyaar Mein အမည်ရှိ အချစ်ဒရာမာဇာတ်ကားရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - မင်းဓမ္မလမ်းနှင့်တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြေဧရိယာ - ၃၆.၅၅၁ ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက် လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)နှင့် ရုံးခန်းအဆောက်အအုံများ (Office Appartment)တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers)နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ် 1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ဝယ်ယူနိုင်ပါသည်(သို့မဟုတ်)ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်သန်းတိတိ)ကိုအင်ဂျင်နီယာဌာန (အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ၁၅ နာရီမတိုင်မီ အထက်ဖော်ပြပါ ရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း(USD 1000000)တန်ဘိုးရှိသက်တမ်း(၆)လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါ တင်သွင်းသူ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - ဗိုလ်မင်းရောင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြေဧရိယာ - ၈.၅၁၈ ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ(Shopping Mall)၊ ရုံးခန်းအဆောက်အအုံများ (Office Appartment)နှင့် လူနေတိုက်ခန်းများ(Condo) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ် 1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ဝယ်ယူနိုင်ပါသည်(သို့မဟုတ်)ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်သန်းတိတိ)ကိုအင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ၁၅း၀၀နာရီမတိုင်မီ အထက်ဖော်ပြပါ ရုံးသို့တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း(USD 1000000)တန်ဘိုးရှိသက်တမ်း(၆)လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

မမိတ်ဆုန်[၁၃/ကခန(ဧည့်)၀၀၀၃၅၀]၏ မှတ်ပုံတင်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၀၃၀၅၉၊ ၀၉-၂၀၃၇၈၅၈၊ ၀၉-၄၉၂၇၇၁၉၉၊ ၀၉-၇၃၂၄၀၉၆၉၊ ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၃၉၉၉)၊ ၂၉၇၆၀၀ (လိုင်းခွဲ-၃၉၉၉)

ဝယ်ထားမများ

တံတားပြီးတော့မည်
လှိုင်သာယာ၊ ပန်းလှိုင်
ဂေါက်ကွင်းအနီး
ပေ(၈၀×၆၀) ဂရန်ရပြီး၊ ခြံခတ်ပြီး
ကျောင်းအနီး၊ ကွန်ကရစ်လမ်းမအနီး
ပေ(၆၀×၆၀) ဂရန်ရပြီး၊ ခြံခတ်ပြီး
လမ်းနှစ်ဖက်ရ ထောင့်ကွက်
ဖုန်း-၀၉ ၅၁၃၆၆၃၄

ဒဗလျူဘီအိုလိုက်ဝိတ်ချန်ပီယံအဖြစ် ရစ်ကီဘန်းရပ်တည်



ဒဗလျူဘီအိုလိုက်ဝိတ်ချန်ပီယံလုပွဲအဖြစ် စက်တင်ဘာ ၇ ရက်က စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ နာမည်ကြီးလက်ဝှေ့သမား ရစ်ကီဘန်းနှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့ကျော် ရေမွန်ဒိုဘယ်လ်ထရန်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရစ်ကီဘန်းက ရေမွန်ဒိုဘယ်လ်ထရန်ကို အလဲထိုးကာ ဒဗလျူဘီအိုလိုက်ဝိတ်ချိန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ယင်းချန်ပီယံလုပွဲတွင် ရစ်ကီဘန်းနှင့် ရေမွန်ဒိုဘယ်လ်ထရန်တို့သည် တစ်ဦးနှင့်တစ်ဦး အမှားကိုစောင့်ကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ပြိုင်ဆိုင်မှုသည် ဂလက်စဂိုးမြို့၏ SECC လက်ဝှေ့ရုံထဲတွင် ခြိမ့်ခြိမ့်သဲသဲရှိခဲ့သော်လည်း ပြိုင်ပွဲအတွေ့အကြုံရင့်ကျက်မှုနှင့် ပါးနပ်မှုရှိသော ရစ်ကီဘန်းက တည်ငြိမ်စွာဖြင့်ပင် ထိုးသတ်ခဲ့ခြင်းကြောင့် ရေမွန်ဒိုဘယ်လ်ထရန်အနေဖြင့် ပြိုင်ဘက်ရစ်ကီဘန်းလက်ထဲသို့ ဒဗလျူဘီအိုဘိုက်ဝိတ်ချန်ပီယံဘွဲ့ကို အပ်နှင်းခဲ့ရသည်။

ငွေကြယ်

၂၀၂၀ အိုလံပစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ဂျပန်ကျင်းပခွင့်ရရှိ

၂၀၂၀ ခုနှစ်တွင်ကျင်းပမည့် အိုလံပစ်နှင့် နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲများကို ကျင်းပရန် အိမ်ရှင်နိုင်ငံကို မဲပေးရွေးချယ်ခဲ့ရာ ဂျပန်နိုင်ငံ၏မြို့တော် တိုကျို၌ ကျင်းပခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၂၀ အိုလံပစ်နှင့် နိုင်ငံတကာမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရန် အိမ်ရှင်နိုင်ငံ မဲပေးရွေးချယ်ပွဲကို ဗျူနိုအေးရိစ်၌ နိုင်ငံတကာအိုလံပစ်ကော်မတီ (အိုင်အိုစီ) အဖွဲ့ဝင်များဖြင့် မဲပေးရွေးချယ်ခဲ့ရာ ဂျပန်နိုင်ငံက မဲအရေအတွက် ၆၀ ရရှိကာ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ၂၀၂၀ အိုလံပစ်နှင့် နိုင်ငံတကာမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့ပြီးနောက် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပခွင့်ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတကာအိုလံပစ်ကော်မတီအဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက

ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ၁၉၆၄ ခုနှစ်မှစတင်ကာ အာရှ၏ အိုလံပစ်နှင့် နိုင်ငံတကာမသန်စွမ်းအားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရသည့်ပထမဆုံးနိုင်ငံဖြစ်လာခဲ့ပြီး ၂၀၁၆ အိုလံပစ်ပြိုင်ပွဲကိုမူ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာ

TIKILA

နည်းပညာဆန်းသစ်သည့်နာရီ ဈေးကွက်တွင်ထွက်ပေါ်

ကမ္ဘာ့ဈေးကွက်တွင် နည်းပညာမှန်တိုင်းထန်နေသော စက်တင်ဘာလဟုပင် တင်စားခေါ်ဆိုနိုင်ပြီး အင်အားကြီးမိုဘိုင်းလုပ်ငန်းစုကြီးများ၏ မိုဘိုင်းဈေးကွက် တိုက်ပွဲမှာ ပိုမိုပြင်းထန်လာပြီဖြစ်သည်။ လွန်ခဲ့သော ရက် အနည်းငယ်ကပင် ပန်းသီး Apple လုပ်ငန်းမှ သူ၏အဆင့်မြင့် ဖုန်းအသစ်နှစ်မျိုးအတွက် စက်တင်ဘာ ၁၀ ရက်တွင် ပွဲထုတ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ အဆိုပါသတင်းနှင့်အတူ တစ်ပြိုင်တည်းနီးပါး ဆိုသလိုပင် တောင်ကိုရီးယားမှ ဆမ်ဆောင်းမိုဘိုင်းလုပ်ငန်းသည် ဈေးကွက်အတွင်းသို့ သူ၏အဆင့်မြင့် ဖုန်းအသစ်နှင့် အဆင့်မြင့်နာရီတစ်မျိုးကို ဦးစွာပို့ဆောင်လိုက်ပြီဖြစ်သည်။

Samsung Galaxy Gear ဟု အမည်ရသော အဆင့်မြင့်နာရီတစ်မျိုး Smartwatch ကိုလည်း သူ၏အဆင့်မြင့်ဖုန်းဟန်းဆက်အသစ်ဖြင့် တွဲဖက်အသုံးပြုနိုင်ရန်အတွက် ပူးတွဲ၍ဈေးကွက်အတွင်း ဖြန့်ချိပေးလိုက်သည်ဟု ဆမ်ဆောင်းပြန်ကြားရေးစာမျက်နှာတွင် တွေ့ရှိရသည်။ အဆိုပါ အဆင့်မြင့်နာရီမှာ ဖုန်းနှင့်တွဲဖက်ပြီး အသုံးပြုရန်ဖြစ်ကာ နာရီတစ်လုံးထက်ပိုသော လုပ်ဆောင်ချက်များပါဝင်သည်ဟု သိရှိရသည်။ အချိန်နာရီ အတိအကျကို ဖော်ပြပေးနိုင်ရုံမျှ မက မိုးလေဝသနှင့် ပြက္ခဒိန်လုပ်ဆောင်ချက်များအပြင် အဆင့်မြင့်မိုဘိုင်း အီလက်ထရွန်နစ်ပစ္စည်းတစ်ခု၏ လုပ်ဆောင်ချက်များအားလုံးနီးပါး ပါဝင်သည်ဟု သိရှိရသည်။ အဆိုပါနာရီကို ဖက်ရှင်အမြင်ဖြင့်ကြည့်လျှင် လူငယ်များနှင့် သာလိုက်ဖက်မှုရှိသည်ဟု ပရိသတ်အချို့က စာမျက်နှာများတွင် ရေးသားထားမှုများကို တွေ့ရှိရသည်။

ယင်းနာရီကို ဖုန်းနှင့်ချိတ်ဆက်ကာ ဖုန်းခေါ်ဆိုနိုင်ခြင်း၊ မိမိ၏ဖုန်းကို နာရီမှတစ်ဆင့် အသံဖြင့်ထိန်းချုပ်စေခိုင်းမှုပြုလုပ်ပေးနိုင်ခြင်းများအပြင် ထူးခြားမှုအနေဖြင့် နာရီ၏လက်ပတ်ကြိုးတွင် ဓာတ်ပုံနှင့် ဗွီဒီယိုပါ မှတ်တမ်းတင်နိုင်သော ကင်မရာထည့်သွင်းပေးထားခြင်းဖြစ်သည်။

သာမန်နာရီများသည် တန်ဖိုးကြီးလျှင် ကြီးသလို ဓာတ်ခဲအသုံးပြုမှုသည် ၁၀ နှစ်ကြာသည့်တိုင် ဓာတ်ခဲအသစ်လဲလှယ်ခြင်း ပြုလုပ်စရာမလိုသော နာရီများပင် ဈေးကွက်အတွင်းရှိနေသည်။ ယခုဆမ်ဆောင်းမှထုတ်လုပ်လိုက်သော အဆင့်မြင့်နာရီမှာ တစ်နေ့လျှင် တစ်ကြိမ်ခန့် အနည်းဆုံး အားပြန်သွင်းပေးပါမှ နေ့စဉ်ဝတ်ဆင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

အဆိုပါနာရီမှာ ကြိုးမဲ့စနစ်ဖြင့် အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်ပြီး ဈေးနှုန်းအားဖြင့် ၂၉၉ ဒေါ်လာခန့် ရှိကာ အဆင့်မြင့်ဖုန်းတစ်လုံး၏ ဈေးနှုန်းနှင့် သိသိသာသာ ကွာခြားခြင်းမရှိချေ။ အနောက်နိုင်ငံများမှ စိတ်ကူးယဉ်သိပ္ပံရုပ်ရှင်ဇာတ်ကားများထဲကအတိုင်း လက်တွေ့ကမ္ဘာတွင် အဆိုပါနာရီကို အသုံးပြုပြီး မိမိ၏အဆင့်မြင့်ဖုန်းမှ လုပ်ဆောင်ချက်များကို ဖုန်းကိုထုတ်၍ အသုံးပြုစရာမလိုဘဲ နာရီတစ်လုံး လက်တွင်ပတ်ထားရုံမျှဖြင့် လွယ်ကူစွာ လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်ဟု ဆမ်ဆောင်းပရိသတ်များ၏ စာမျက်နှာများတွင် တွေ့ရှိရသည်။ ယင်းနာရီသည် ဆမ်ဆောင်းမှ ထုတ်လုပ်လိုက်သော အဆင့်မြင့် ဟန်းဆက်အသစ်ဖြင့်သာ တွဲဖက်ချိတ်ဆက် အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားမည်သည့် ဟန်းဆက်နှင့်မျှ တွဲဖက်အသုံးပြု၍ မရနိုင်ကြောင်း ကိုလည်း နည်းပညာစာမျက်နှာများတွင် တွေ့ရှိရသည်။





ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၄၅၇၊ ပေ(၄၀ × ၆၀)ရှိဦးကြည် အမည်ပေါက်ပါမစ်မြေအမျိုးအစား မြေကွက်အား အရပ်ကတိဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုပြုသူ ဒေါ်စန္ဒာမိုး[၇/ပတတ(နိုင်)၀၅၂၃၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိစံ **(LL.B)**

အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၈)

ဖုန်း-၀၉-၇၃၀၅၈၅၅၈၊ ၀၉-၄၂၀၂၂၂၅၅၁

အမွေဆိုင်(၇)ဦးအကြား သဘောတူညီနိုင်ပြေလည်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇+၂၉၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၄+၈/ခ-ဘီ၊ မြေဧရိယာ (၀. ၁၉၀)ဧက+မြေကွက်အမှတ်-၁၇/၀၆/စီ၊ မြေဧရိယာ(၀. ၄၃၁)ဧက စုစုပေါင်းဧရိယာ(၀. ၆၂၁)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာ၊ ပြည်လမ်း၊ အမှတ်(၃၄-ဘီ)ဟုခေါ်တွင်သော (၂) ထပ်တိုက်အဆောက်အအုံ (၁)လုံး၊ အုတ်ညှပ်(၂)ထပ်အဆောက်အအုံ (၁)လုံး၊ ကားဂိုဒေါင် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အမွေဆိုင်(၇)ဦးဖြစ် သော (၁)ဒေါ်ခင်စန်းမြင့်[၁၂/မရက(နိုင်)၀၅၆၁၈၇] (ကွယ်လွန်သူဦးသိန်းဝင်း၏ဇနီး)၊ (၂)ဒေါ်ပြည်အေး[၁၂/မရက(နိုင်)၀၇၃၆၅၇] (ကွယ်လွန်သူ ဦးရဲထွန်း၏ဇနီး)၊ (၃)ဦးစိုးသိန်း[၁၂/မရက(နိုင်)၀၅၅၆၆၆]၊ (၄)ဒေါ်မြမြသန်း[၁၂/မရက(နိုင်)၀၇၁၆၉၀]၊ (၅)ဦးမောင်မောင်[၁၂/မရက(နိုင်)၀၅၆၁၇၉]၊ (၆)ဦးချိုချို(ခ)ဒေါက်တာကျော်လင်း[၁၂/ဒဂန(နိုင်)၀၁၃၀၆၅]၊ (၇)ဒေါက်တာစုစု[၁၂/မရက(နိုင်)၀၅၆၉၅၄]တို့အကြား သဘောတူညီနိုင်ပြေလည်ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းမြင့်၊ ဒေါ်ပြည်အေး၊ ဦးစိုးသိန်း၊ ဒေါ်မြမြသန်း၊ ဒေါက်တာကျော်လင်း၊ ဒေါက်တာစုစုတို့၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃)၊ ဒေါ်လွင်မာ(စဉ်-၈၉၀၉)

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ၁၄၃/၂ ရပ်ကွက်၊ မြေကွက်အမှတ်(၁၂၇+၁၂၈)၊ အကျယ်အဝန်းပေ(၈၀ × ၆၀)ရှိဦးလှကြည် အမည်ပေါက်မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်ညွန့်[၁၂/သကတ(နိုင်)၀၀၆၂၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသော အထောက်အထား (မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းပပစန္ဒာ

(အထက်တန်းရှေ့နေ) (စဉ်-၂၇၆၄၃) **LL.B, D.B.L, D.M.L**

အမှတ်(၇)၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း-၀၉-၄၂၁၁၂၄၈၀၇

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဦး[၁၂/ဒဂတ(နိုင်)၀၆၃၆၃၉]သည် မိသားစုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၇-၉-၂၀၁၃ ရက်မှစ၍ အကြင်လင်မယား အဖြစ်မှ စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝ အားလုံးတာဝန်ယူမည်မဟုတ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးညာဏ်ဝင်း(ခ)ဖိုးညာဏ်

[၁၂/တမန(နိုင်)၀၇၅၁၀၄]

ကိတ်မုန့်စားရာမှ အစာအဆိပ်သင့်၍ ကလေးတစ်ဦးသေဆုံး

ကောလင်း စက်တင်ဘာ ၈

ကောလင်းမြို့နယ် တောင်ပုံကျေးရွာ၌ စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီတွင် လက်ဖက်ရည်ဆိုင်မှ ကိတ်မုန့်အစိုဝယ်စားရာ နာရီဝက်ခန့်အကြာတွင် ပါးစပ်မှအမြှုပ်များထွက်၍ သတိလစ်သွားသဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် တူမဖြစ်သူက ကျန်ရှိသော ကိတ်မုန့်အပိုင်းကို ထပ်မံစားသဖြင့် ဆေးရုံသို့ ပို့ဆောင်ဆေးကုသစဉ် သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ တောင်ပုံကျေးရွာနေ မကြူကြူနိုင်(၂၇)နှစ်သည် အဆိုပါကျေးရွာရှိ ဦးမောင်မောင်ပိုင်ဆိုင်သည့် ရတနာချမ်းလက်ဖက်ရည်ဆိုင်မှ ရွှေဘိုမြို့မှပြုလုပ်သော ကိတ်မုန့်အစိုဝယ်စားခဲ့ရာမှ နာရီဝက်ခန့်အကြာတွင် ပါးစပ်မှ အမြှုပ်များထွက်၍ သတိလစ်သွားသဖြင့် ကန့်ဘလူမြို့ခုတင် (၁၀၀)ဆံ့ဆေးရုံသို့ ပို့ဆောင်စဉ် မကြူကြူနိုင်စားပြီး ကျန်ရှိသောကိတ်မုန့်အပိုင်းကို တူမဖြစ်သူ မမေမြတ်နိုး အသက်နှစ်နှစ်က ထပ်မံစားခဲ့ရာ အလားတူဖြစ်ပွားသဖြင့် ကောလင်းမြို့နယ် ကုက္ကိုကုန်းကျန်းမာရေးဆေးပေးခန်းမှတစ်ဆင့် ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူနေစဉ် စက်တင်ဘာ ၂ ရက် နံနက် ၀၀း၃၀ နာရီက သေဆုံးခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ဘလူမြို့ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁၄/၂၀၁၃) ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ရတနာချမ်းလက်ဖက်ရည်ဆိုင်ရှိ ကျန်ရှိသော ကိတ်မုန့်များကို အစာအဆိပ်သင့်သောအရာများပါရှိခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် ခံသာတိုက်နယ်ဆေးရုံမှ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းကျန်းမာရေးဌာနမှူးရုံး အထူးရောဂါနှိမ်နင်းရေးဌာနသို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မျိုးဝင်းထွန်း-မုံရွာ)

ကံပြည့်မန်းခရီးသည်တင်ယာဉ်နှင့်ဆိုင်ကယ်တိုက် အမျိုးသမီးတစ်ဦးသေဆုံး

ပခုက္ကူ စက်တင်ဘာ ၈

ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ရွှေချောင်းတံတား အမှတ်(၁)ပေါ်တွင် စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဆိုင်ကယ်တစ်စီးနှင့် ကံပြည့်မန်းခရီးသည်တင်ယာဉ် တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့ မြို့မလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း အောင်မိုး မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/----- ကံပြည့်မန်း ခရီးသည်တင်ယာဉ်နှင့် မြို့မလမ်းအတိုင်း အရှေ့မှအနောက်သို့ အောင်ကျော်မိုး ပေါင်လောင်ကျေးရွာ ရေစကြိုမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ ဇနီးဖြစ်သူ မစန်းယုနွယ်လိုက်ပါလာသော ၃၂ယ/----- KENBO-125 အနက်ရောင်ဆိုင်ကယ်တို့သည် ရွှေချောင်းတံတားအမှတ်(၁) အလယ်တွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြသည်။

ယာဉ်တိုက်မှုကြောင့် အောင်ကျော်မိုးတွင် ဝဲဘက်မျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက် လက်မောင်းနှင့်လက်ဖျံရိုးကျိုးဒဏ်ရာ၊ ယာဘက်လက်မပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်ညို့သကျည်း ပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်နောက်မှလိုက်ပါလာသူ မစန်းယုနွယ်တွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ နှစ်ချက်၊ ဝဲဘက်ချိုစောင်းပေါက်ပြဲ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သဖြင့် ပခုက္ကူရဲစခန်းမှ (ပ)၃၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၈/၃၀၄(က) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောင်-မန်းတက္ကသိုလ်)

ခြောက်လှန့်ငွေတောင်းသူများအား ဖမ်းဆီးအရေးယူ

ရန်ကုန် စက်တင်ဘာ ၈

စက်တင်ဘာ ၆ ရက် ည ၇ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ်နေ မောင်ကျော်မြင့်အောင်သည် ဗဟန်းမြို့နယ် ဆရာစံမြောက်/အရှေ့ ရပ်ကွက် အနောက်မြင်းပြိုင်ကွင်းလမ်းတစ်လျှောက်တွင် ဆိုင်းထမ်းဖြင့် တိုဟူးသုပ်လှည့်လည် ရောင်းချနေစဉ် အမည်မသိအမျိုးသား သုံးဦးအနက် တစ်ဦးက ဆိုင်းထမ်းအားဆွဲကာ တိုဟူးသုပ် တစ်ပွဲ၊ ကြာဆံသုပ်တစ်ပွဲ ပေးရန်ပြောသဖြင့် အသုပ်သုပ်ပြီး ပလတ်စတစ်အိတ်ဖြင့် ထည့်ပေးနေစဉ် အခြားတစ်ဦးက အသုပ်ဆိုင်းထမ်းအတွင်း ထည့်ထားသော ကိုးလက်မခန့်ရှိ စတီးဓားချွန်တစ်ချောင်းကို ဆွဲယူကာ နောက်တစ်ဦးက ကတ်ကြေးကိုဆွဲယူပြီး ခြောက်လှန့်ပြောဆို၍ အရက်ဖိုး ငွေကျပ်နှစ်ထောင် တောင်းသဖြင့် ငွေကျပ်တစ်ထောင်ပေးခဲ့ရကြောင်း သိရသည်။

၎င်းတို့ ထွက်သွားပြီးနောက် မောင်ကျော်မြင့်အောင်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်တိုင်ကြားခဲ့သဖြင့် တာဝန်ရှိသူများနှင့် ပြည်သူများက လိုက်လံဖမ်းဆီးခဲ့ရာ ခြောက်လှန့်ငွေတောင်းယူသူ ဗဟန်းမြို့နယ် ဆရာစံ မြောက်/အနောက် ရပ်ကွက်နေသူများဖြစ်သည့် တရုတ်ကြီး (ခ)စိန်ရွှေ၊ သက်နိုင်၊ ရန်ပိုင်(ခ)ရန်ပိုင်စိုးတို့သုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ခြောက်လှန့်ငွေတောင်းယူသူ သုံးဦးတို့ကို အရေးယူပေးပါရန် တိုင်တန်းချက်အရ ဗဟန်းမြို့မရဲစခန်းမှ (ပ) ၃၅၄/၂၀၁၃၊ ပုဒ်မ ၃၈၆/၁၁၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)



ရပ်ထားသည့်ကားသုံးစီး ဆိုင်ကယ်ဝင်တိုက်ထွက်ပြေး

မန္တလေး စက်တင်ဘာ ၈

မန္တလေးချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား ဈေးချိုပလာဇာရှေ့တွင် စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက (၂၆)လမ်းအတိုင်း အရှေ့မှအနောက်သို့ ပုသိမ်ကြီးမြို့နယ်နေ ကျော်စိုးသူမောင်းနှင်လာသည့် ၁၂ယ/---- ဆူပါကပ်ဆိုင်ကယ်က ဈေးချိုရှေ့ရပ်ထားသော ၃စ/----ဆူဇူးကီးပစ်ကပ်၊ ၄စ/---- ဆာ့ဖ်အမျိုးအစားယာဉ်နှင့် ၃စ/---- ဖူဆိုယာဉ်တို့အားတိုက်ပြီး ဈေးချိုပလာဇာလမ်းအတွင်း ထွက်ပြေးသွားရာ လုံခြုံရေးအဖွဲ့များ၊ ဈေးသူဈေးသားများက ဖမ်းဆီးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

(မောင်ပြည်သူ-မန္တလေး)

ရထားစီးစဉ် အိပ်ပျော်သွားရာမှ ၅၉ သိန်းကျော် ပျောက်ဆုံး

မုံရွာ စက်တင်ဘာ ၈

မြစ်ကြီးနား-မန္တလေး ရိုးရိုးတန်းတွဲတွင် စီးနင်းလိုက်ပါလာသူ အမျိုးသမီးတစ်ဦးသည် ရထားပေါ်၌ အိပ်ပျော်သွားစဉ် ငွေနှင့်ပစ္စည်းတန်ဖိုး ငွေကျပ် ၅၉ သိန်းကျော် ပျောက်ဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မိုးကောင်းမြို့ ရွာသစ်ရပ်ကွက်နေ မလဲ့လဲ့ထွန်း(၂၇)နှစ်သည် ခင်ပွန်းဖြစ်သူနှင့်အတူ ဩဂုတ် ၂၆ ရက် နံနက် ၁ နာရီက မိုးကောင်းဘူတာမှ အမှတ်(၃၈)အစုန် မြစ်ကြီးနား-မန္တလေး ရိုးရိုးတန်းတွဲ အမှတ်(၂) ခုံအမှတ် (၄၅)တွင် စီးနင်းလိုက်ပါခဲ့ပြီး ဖော်ချောင်းဘူတာအရောက်၌ ခုံအမှတ်(၅၃/၅၄)သို့ ပြောင်းရွှေ့အိပ်ပျော်လိုက်ပါလာစဉ် ကန့်ဘလူမြို့နယ် ထန်းကုန်းဘူတာအရောက်၌ ခေါင်းခုထားသည့် ကိုင်လက်ကိုင်အိတ်မှာ ပျောက်ဆုံးသွားခဲ့ပြီး အဆိုပါအိတ်အတွင်း၌ ငွေကျပ် ၄၇ သိန်း၊ ရွှေထည်ပစ္စည်း၊ ကျောက်မျက်ရတနာအချို့နှင့် GSM ဖုန်းတစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၅၉၄၀၀၀၀ ပါသွားခဲ့ကြောင်း သိရသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မလဲ့လဲ့ထွန်းက ပျောက်ဆုံးမှုအား တိုင်တန်းသဖြင့် ကန့်ဘလူမြို့ရဲစခန်းမှ (ပ)အမှတ် ၃၀၆/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ (နိုက်)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၂၉)

တန်ဖိုးရှိလှလူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ





တေဇ(၁၁)ညီအစ်ကိုများ

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)၏ (၂၉)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သူငယ်ချင်းမိသားစုများ ထောက်ပံ့ခြင်း၊ ၂၀၁၃ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင် သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ လူမှုရေးဆိုင်ရာလှူဒါန်းမှုဆောင်ရွက်ခြင်းများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုများနှင့်အတူ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ	- နိုင်ငံတော်သံဃမဟာနာယကဆွမ်းစားဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်
ကျင်းပမည့်နေ့ရက်	- ၁၄-၉-၂၀၁၃ရက်(စနေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၁၀း၀၀နာရီ
ညစာစားပွဲ	- ကုန်းမြင့်သာစားသောက်ဆိုင် ၆း၃၀နာရီ

ဖြစ်မြောက်ရေးအဖွဲ့(ရန်ကုန်)





အမည်ပြောင်း အထက(၅)၊ မြောက်ဥက္ကလာပ ဒသမတန်း(C)မှ (အဖ)ဦးသန်းဝင်း၏သား မောင်ဖြိုးသက်နိုင်အား မောင်ပြည့်စုံဟိဏ်းဟု ပြောင်းလဲခေါ်ပါရန်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

Win Hlaing Hlaing Oo Auto Services Co.,Ltd တွင် ဂျပန်နိုင်ငံမှ အပ်ကုန်စနစ်ဖြင့် တင်သွင်းထားရှိသည့် မော်တော်ကား(၄၈)စီးအား မျက်မြင်အခြေအနေအတိုင်း အကောက်ခွန်၊ ကညနခွန်နှင့် အခြားစရိတ်(၃)ရပ်ကို အခြေခံလျက် တင်ဒါတင်သွင်းသူမှ မိမိပေးသွင်းလိုသည့် မော်တော်ကားတန်ဖိုးကို လျှောက်လွှာတွင် သတ်မှတ်ဖော်ပြကာ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ မော်တော်ကားများ၏ အခြေအနေကို အောက်ပါနေရာတွင် လာရောက်ကြည့်ရှုလေ့လာကာ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူ၍ ၃၀-၉-၂၀၁၃ရက် နောက်ဆုံးထား တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ ၇-၁၀-၂၀၁၃ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပြီး တင်ဒါအောင်မြင်သူများထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

အမှတ်(၄၉)၊ အုတ်ပုံဆိပ်လမ်း၊ နဝဒေးရုပ်ရှင်ရုံအနီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၄၉၄၀၄၀၊ ၀၉-၈၅၁၅၈၈၉

မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို)အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်များအသင်း၊ အဏုဇီဝဗေဒအဖွဲ့ကကြီးမှူး၍ Health-care associated infection ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို စက်တင်ဘာလ ၁၄ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)တွင် ပါမောက္ခဒေါ်ကြည်ကြည်သင်း၊ ပါမောက္ခ ဦးချစ်စိုး၊ ပါမောက္ခ ဦးသိန်းမြင့်နှင့် ဒေါက်တာခွာညိုဇင်တို့က ဟောပြောကြမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့တွင် ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။



ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ သဲကုန်းမြို့နယ်၊ အင်းမ အထက၊ ဒသမတန်းမှ မပြည့်ပုံအော၏ ဖခင်အမည်မှန်မှာ ဦးဝင်းငွေဖြစ်ပါကြောင်း။

ဦးဝင်းငွေ[၇/သကန(နိုင်)၀၅၁၇၇၀]

အမည်မှန်

အထက(၂)၊ တပ်ကုန်း၊ ဒသမတန်း(B) မှ အဖဦးစံသိန်း၏သား အမည်မှန်မှာ အောင်ဘိုဘိုသိန်းစံဖြစ်ပါကြောင်း။

အောင်ဘိုဘိုသိန်းစံ

တစ်ဦးတည်းဖြစ်ကြောင်း

တိုက်ကြီးမြို့နယ်၊ တော်ခရမ်းကျေးရွာအုပ်စု၊ ပန်းတောကျေးရွာနေ မောင်ဝင်းထက်လင်း၏ ဖခင်အမည်မှာ ဦးမောင်မောင်ကြီး(ခ) ဦးဟန်ဝင်း (ခ)ဦးဟန်ဝင်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မောင်ကြီး(ခ)ဦးဟန်ဝင်း(ခ)ဦးဟန်ဝင်းအောင်

ရက်လည်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားခြင်းနှင့် ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ယဉ်မေ (၈၃)နှစ်

မိုးကုတ်အဖွဲ့ခွဲ(၃၁) နာယက၊ ပေါင်းတည်မြို့

၅-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ယဉ်မေ မကျန်းမာစဉ်က ဂရုစိုက်ပြုစုစောင့်ရှောက်ပေးခဲ့သော SSC ဆေးရုံမှ လေးလေး ဦးစံသိန်းနှင့်ဇနီး၊ ဒေါက်တာဦးဆန်းလွင်နှင့် ဒေါက်တာဒေါ်အေးအေးဝင်း၊ ငါးလွှာမှ တာဝန်ကျဆရာဝန်/ဆရာမများနှင့် တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းနှင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း အားပေးနှစ်သိမ့်ကြသော မိတ်ဆွေအားလုံးတို့အားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

၁၁-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းလွဲ ၂နာရီအထိ မိခင်ကြီးအား ရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကျန်ရစ်သူမိသားစုများနှင့်တကွ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အမှတ်(၇)၊ ဂီတမာလာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲကြောင်း

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအရာရှိ ဦးသူမင်းထိုက်၏မိခင် ဒေါ်ခင်သန်းဝင်း အသက် (၆၃)နှစ်သည် ၅-၉-၂၀၁၃(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် အဖွဲ့ရုံး၏ အမြဲတမ်းကိုယ်စားလှယ် အရာထမ်း၊ အမှုထမ်းများနှင့် သံရုံးမိသားစုဝင်များမှ ကွယ်လွန်သူ၏မိသားစုနှင့် ထပ်တူထပ်မျှ များစွာ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံအမတ်ကြီးနှင့် မြန်မာအဖွဲ့ရုံးဝန်ထမ်းမိသားစုဝင်များ
ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဦးခင်ဝင်း(ခ)ဦးထန်စွ

အသက်(၈၅)နှစ်

(ကုက္ကိုဝ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ်(၈၀)နေ (ဦးမောင်စိန်-ဒေါ်ပြန့်)တို့၏ ဒုတိယသား၊ (ဒေါ်စောဝင်း)၏ ခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ်တင်တင်ရွှေ၊ ဒေါ်တင်တင်ငွေ၊ ဒေါ်တင်တင်အေး၊ ဦးသန်းအေး-ဒေါ်သိန်းသိန်းနွဲ့၊ (ဦးကျော်ငွေ)-ဒေါ်ခင်ဝင်းကြူ၊ ဦးစန်းငွေ၊ ဒေါ်စန်းစန်းဝေ၊ ဦးအောင်သန်း၊ ဒေါ်မြင့်မြင့်ဝေတို့၏ဖခင်၊ Dr. ဝင်းနိုင်ဦး၊ Dr. ပပအောင်၊ Dr. သီတာယု၊ မောင်သန့်ဇင်အောင်၊ မောင်ရဲလွင်ကို၊ မောင်ဟန်လင်းထက်တို့၏အဘိုးသည် ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၃(စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယိကာမကြီး

ဒေါ်စိန်တင်(ခ)ဒေါ်စိန်မြင့်

အသက်(၇၂)နှစ်

(မဟာစည်ယောဂီ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၄၄)နေ ဦးခင်မောင်ရွှေ-ဒေါ်ခင်မြင့်ဆွေတို့၏မိခင်၊ ကိုကျော်သူရ-မစောမြမာလာထွန်း(ခ)မိစု၊ ကိုတင်အောင်ဟိန်း-မဆွေဇာခြည်သင်း(ခ)ဆွေမိ၊ မောင်မြတ်ထက်ပြည့်စုံ၊ မောင်ချမ်းမြေ့ပြည့်စုံတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားသည် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဦး (၅၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်။ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ် (၅၂/၅၄)နေ (ဦးတင်ဝင်း-ဒေါ်မြဥ)တို့၏ သားကြီး၊ (မမြမြဝင်း)၊ ဦးကိုလေး-ဒေါ်ဝါဝါဝင်း၊ ဦးကိုမြင့်၊ ဦးတင့်လွင်-ဒေါ်နော်အုံးကျင်၊ ဦးခင်ကျော်စိုး-ဒေါ်လဲ့လဲ့ဝင်း၊ ဦးထွန်းဦး-ဒေါ်ငွေငွေဝင်း၊ ဦးစိုးမင်း၊ ဦးကျော်ဝေလွင်-ဒေါ်စိုးစိုးမော်တို့၏ အစ်ကို၊ တူ/တူမ ၁၁ယောက်တို့၏ဦးလေး ဦးသန်းဦးသည် ၇-၉-၂၀၁၃ရက် ည ၇း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်သိန်းမေ(ရွှေမြင့်မိုရ်စတိုး)

အသက်(၈၇)နှစ်

(မအူပင်-ကွဲဒုံး)

ရန်ကုန်မြို့၊ အမှတ်(၁၀၆)၊ အခန်း(၃)၊ ရေနံ့သာလမ်း၊ သုဝဏ္ဏနေ (ဦးမောင်အေး)၏ဇနီး၊ (ဒေါ်သိန်းအေး)၊ ဒေါ်တင်အေး၊ ဒေါ်မြအေး၊ ဦးအေးကြိုင်၊ ဦးတင်အောင်-ဒေါ်မေသန်းရွှေ၊ ဦးမြသန်း-ဒေါ်ကျိန်ပုံမ်၊ ဒေါ်ခင်လေးတင့်၊ ဦးခင်ဇော်၊ (မအေးအေးမော်)တို့၏မိခင်ကြီး ဒေါ်သိန်းမေသည် ၇-၉-၂၀၁၃ ရက် ညနေ ၆း၀၃ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယိကာမကြီး

ဒေါ်ခင်လှ (၆၈)နှစ်

(ပုသိမ်)

(ဦးသာရင်-ဒေါ်အေးဟန်)တို့၏ သမီးလတ်၊ ရန်ကုန်မြို့နေ ဦးအောင်ရွှေ၏ဇနီး၊ ဦးအောင်လင်း (အရာခံဗိုလ်)-ဒေါ်သန်းသန်းအေး (အလယ်တန်းပြ၊ အထက-၇၊ ပုသိမ်မြို့)၊ ဦးထင်လင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ စက်မှု၊ မကွေး)-ဒေါ်နီနီအေး(အလယ်တန်းပြ-ငြိမ်း၊ အထက-၁၊ တောင်ငူ)၊ ဦးကျော်သူအောင် (Save the Children)- ဒေါ်ဝင်းဝင်းငွေ (ရေကြည်မြို့)၊ မဥမ္မာအောင်(ဆည်မြောင်း၊ တောင်ငူ)တို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့၊ တိုက်(၅၇)၊ အခန်း(A-၂၀၁)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွန့်၊ တာမွေမြို့နယ်နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးလှထွန်း (၆၁)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(ကမ္ဘောဇဘဏ်လီမိတက်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်၊တိုက်(စ)၊အခန်း(၃)နေ (ဦးအုန်းမောင်-ဒေါ်ရီ)တို့၏ သားကြီး၊ ဦးအောင်နိုင်-ဒေါ်ခင်တင့်၊ ဒေါ်ဝင်းဆန်း-ဦးဝင်းကြည်၊ ဒေါ်သန်းရွှေ၊ ဦးပန်းအောင်-ဒေါ်ငွေ၊ ဦးဟန်မြင့်-ဒေါ်စန်းမြင့်၊ ဒေါ်မိုးငယ်-ဦးရွှေဘ၊ ဒေါ်ခိုင်-ဦးဝင်းမြင့်တို့၏အစ်ကို၊ ဒေါ်ခင်ဆွေဦး၏ ခင်ပွန်း၊ မောင်ကျော်ဆန်းနိုင်၏ ဖခင်သည် ၇-၉-၂၀၁၃(စနေနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဦးတင်လှ(ခ)ဦးစိုက်ဝှက်

(ဒရယ်လူး)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေကိန္နရီအိမ်ရာ၊ (ဆ/ခ) ရပ်ကွက်၊ တိုက်(၁)၊ အခန်း(၁၀၁)နေ (ဦးမောင်ငါး-ဒေါ်အေးခင်)တို့၏သား၊ (ဦးထင်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ (ဒေါ်တင်ရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်သောင်းသောင်းမြတ်၊ (ဦးအုန်းရင်-ဒေါ်နွဲ့နွဲ့ရီ)၊ (ဦးဝင်းဆွေ)-ဒေါ်မြင့်မြင့်အေး၊ ဦးခင်လှိုင်-ဒေါ်လှလှရီ၊ ဦးလှသိန်း-ဒေါ်ခင်သော်တာ၊ (ဦးကျော်စိုး)-ဒေါ်အေးအေးမူတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီး ဦးတင်လှသည် ၇-၉-၂၀၁၃ (စနေနေ့) ည ၇း၅၀ နာရီတွင် နေအိမ် ၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရွှေဂျိုး အသက်(၈၀)

ကပ-၆၇၀၉
တပ်မတော်ရေ(ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာနေ (ဦးဘုံ-ဒေါ်ဘိဂျီ)တို့၏သား၊ ရန်ကုန်မြို့၊သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက်(၁၃/၁)နေ ဒေါ်ကျင်စိ(စီးပွား/ကူးသန်း-ငြိမ်း)၏ခင်ပွန်း၊ တပ်ကြပ်ကြီးထင်အောင်(ဗထူးတပ်မြို့)-မဝင်းမာသန်း၊ မခိုင်ခိုင်သင်း (ဆလရ၊ ထူးဖွဲ့-၁)-ကိုချစ်ကိုဦး (Lift)၊ မကြည်ကြည်ရွှေ-ကိုအောင်အောင်(ခေတ္တ-Qatar)၊ မောင်တင့်လွင်(ခေတ္တ-USA)-မစန်းစန်းလွင်(ခေတ္တ-USA)၊ မောင်စိုးကြည်(ခေတ္တ-Qatar)-မသက်နှင်းအိတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၀၀း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွန်းကျော် (၇၄)နှစ်

B.E,M.E (ငြိမ်း)
(စိန်ပေါလ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ (၁၂)လုံးတန်း၊ တိုက်(၂၀၁)၊ အခန်း(၂၉)နေ (ဦးဘကျော်-ဒေါ်စောရင်)တို့၏သားထွေး၊ မော်လမြိုင်မြို့နေ (ဦးအုပ်)-ဒေါ်ကွန်ဆွယ်တို့၏ သားသမက်၊ (ဦးတိုးရင်-ဒေါ်ခင်မြင့်)၊ (ဦးစံမောင်-ဒေါ်တင်ရွှေ)၊ (ဦးစံငြိမ်း)၊ ဒေါ်ခင်ကြည်တို့၏ ညီ/မောင်၊ ဦးညိမ်းရွှေ-ဒေါ်နွဲ့ရီတို့၏အစ်ကို၊ ဒေါ်အေးသွင်၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်မိုးကျော်)၊ မမိုးစန္ဒာ၊ မဖြူဖြူသွင် (Enter B Co.)၊ မသီတာအေး၊ ကိုငြိမ်းချမ်း (Phoenix Association, YANGON)တို့၏ ချစ်လှစွာသော ဖခင်၊ ဟိန်းတေဇာထွန်း၏ ချစ်လှစွာသော အဘိုးသည် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် အောင်ရတနာ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဖုန်း(ခ)ဒေါ်ပြုံး(ခ) ဒေါ်တင်တင်ဝေ (၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၅၃)၊ (၂၁)လမ်း၊ လသာမြို့နယ်နေ (ဦးသာဟန်-ဒေါ်ရှုဝေ)တို့၏သမီးကြီး၊ အမှတ် (၁၅)၊ ခုနစ်လွှာ၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးသိန်းနိုင်၏ဇနီး၊ ဦးသန်းမြင့်၊ ဦးရဲမြင့်-ဒေါ်ကြည်ကြည်တို့၏ ညီမ၊ ဒေါ်တင်တင်အေး - ဦးဟုတ်ကျော်၊ ဦးအကီး၊ ဒေါ်တင်တင်-ဦးကျော်လှိုင်၊ ဦးမောင်ကျင်-ဒေါ်ထူးထူးကြည်၊ ဦးခိုင်မြင့်-ဒေါ်သန္တာဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်တင်ထွေး-Dr.ငွေဝင်း၊ ဦးတင်မြင့်တို့၏အစ်မကြီး၊ မောင်အောင်နိုင်၊ မနေရည်သိန်းနိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ဖုန်း(ခ)ဒေါ်ပြုံး(ခ)ဒေါ်တင်တင်ဝေသည် ၇-၉-၂၀၁၃ (စနေနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးအုန်းမြင့်

အသက်(၆၇)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်တွင်းအခွန်များဦးစီးဌာန

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၄)ရပ်ကွက်၊ (၆၂)လမ်း၊ (ဇ-၅/၇၃+၇၄)နေ (ဦးဘယား-ဒေါ်သိန်းညွန့်)တို့၏ သား၊ (ဦးဟန်ပို)-ဒေါ်ချစ်လှတို့၏သားသမက်၊ တောင်ကြီးမြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်သူရ-ဒေါ်သန္တာမင်း၊ မန္တလေးမြို့နေ ဦးစည်သူကျော်-ဒေါ်သီတာဝင်း၊ ဦးမင်းသူရိန်-ဒေါ်ဝင်းမြတ်သူ၊ ဒေါက်တာနိုင်မင်းထွေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး(ဒေါ်တင်မြင့်)၏ ချစ်လှစွာသောခင်ပွန်း ဦးအုန်းမြင့်သည် ၇-၉-၂၀၁၃(စနေနေ့) ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မြို့သစ်အမှတ်(၄)ရပ်ကွက်၊ (၆၂)လမ်း၊ (ဇ-၅/၇၃+၇၄)နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်လံပို့ဆောင်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း
သဘာဝခေါ်သံဖောင်ဒေးရှင်း

ဒေါ်ကျင်မွှေး(ခ)ဒေါ်အေးအေး (၆၃)နှစ်

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း နည်းစနစ်မှူး ကိုအောင်မြင့်မြတ်-မကြည်ကြည်ထွန်းတို့၏မိခင် ဒေါ်ကျင်မွှေး(ခ)ဒေါ်အေးအေးသည် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (ရန်ကုန်တက္ကသိုလ်ရှေ့ စာတိုက်ဝင်းမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဦးတင်မောင်

အသက်(၇၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း၊ အမှတ်(၉၅)၊ သုံးလွှာနေ (ဦးယုစိုင်-ဒေါ်ကင်ရန်)တို့၏ သားထွေး၊ ဦးသိန်းဟန်-ဒေါ်မှေး၊ ဦးယုကြည်၊ (ဦးစိုးမြင့်)-ဒေါ်ကြင်တီတို့၏ညီ/မောင်၊ ဦးအောင်ကျော်ဦး-ဒေါ်တင်ရီ၊ ဦးကျော်ရင်-ဒေါ်အေးအေးမြင့်၊ ဦးအောင်မိုး-ဒေါ်ဟုန်ရှင်၊ ကိုငွေသိန်း၊ မမြတ်မြတ်ထွေးတို့၏ ဦးလေး ဦးတင်မောင်သည် ၈-၉-၂၀၁၃ ရက် နံနက် ၈း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဦးကျော်ညွန့်(တောင်ငူ)

အသက်(၇၈)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်ကြီး(၁)၊ အပိုင်း(၉)၊ အမှတ်(၆)၊ ဧသီရိစတိုးနေ (ဦးချမ်းငြိမ်း-ဒေါ်အေး)တို့၏သား၊ (ဒေါ်ချိုချို)၏ခင်ပွန်း၊ တောင်ငူမြို့၊ (၁၁)လမ်း၊ အမှတ်(၁၅/၅၇)နေ ဦးကျော်စိန်-ဒေါ်ခင်မာဆွေတို့၏ ညီ၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်ကြီး(၁)၊ အပိုင်း(၉)၊ အမှတ်(၆)၊ ဧသီရိစတိုးနေ ဒေါ်တင်တင်နွယ်၊ ဒေါ်မြင့်မြင့်သွယ်၊ ဥူးကောဝိဒ (ဝိဇ္ဇောဒယ-သဲအင်း၊ ပြည်မြို့ကျောင်းတိုက်)၊ ဥူးဝိမလ (ပြည်လုံးချမ်းသာ ဘောဂဝတီ ဓမ္မရိပ်သာကျောင်းတိုက်၊ တိုက်ကြီးမြို့)၊ ဗိုလ်မှူးကျော်မြင့်အောင် (ညောင်တုန်း)-ဒေါ်ကြေးမုံညွန့်၊ သီလရှင်ဆရာလေး ဧသီရိ (မဟာပုညကာရီသီလရှင်စာသင်တိုက်၊ လှိုင်ကော်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ကောင်းကျော်(အဌမတန်း၊ အလက-၃၊ မ/ဒဂုံ)၊ မရွှန်းလဲ့မွန် (စတုတ္ထတန်း၊ အလက-၃၊ မ/ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုးသည် ၇-၉-၂၀၁၃ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁၉၈)၊ တပင်ရွှေထီးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတိုက်စိုး(ရေဦး) (၇၄)နှစ်

လဝက(ငြိမ်း)

ရေဦးမြို့နေ (ဦးဘိုးထွေး-ဒေါ်သိန်းမြ)တို့၏ သားကြီး၊ Capt; ဝင်းဆွေ (ဗိုလ်မှူး-ငြိမ်း၊ ရေ)-ဒေါ်ခင်သန်းထွေး၊ (ဦးချစ်ဆွေ)-ဒေါ်စန်းကြည်၊ ဦးသန်းအောင်-ဒေါ်ကြည်ကြည်ဆွေတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၀၄၉)၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၉)ရပ်ကွက်နေ ဒေါ်မြရီ၏ခင်ပွန်း၊ ဦးတင်လတ်(ထူးကုမ္ပဏီ)-ဒေါ်အေးသက်မော်၊ ဦးမင်းနိုင်စိုး-ဒေါ် သီတာခိုင်(မော်ကုန်စုံဆိုင်)၊ ဦးမိုးကျော်-ဒေါ်စိုးမိုးထွေးတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၈-၉-၂၀၁၃ရက် နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

စောအမ်ရွှေသီး (၉၁)နှစ်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
(SEC D)ရေကြောင်းဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အစုထုရပ်နေ (ဦးဂျေမြတ်လှ-နော်အေးခင်)တို့၏ သားကြီး၊ နော်အဲဗလင်း၊ (ဦးဘလေ)၊ (ဦးဘညဏ်-နော်တင်မေ)၊ (ဦးဘကြည်)၊ ဦးဘဇော်၊ နော်ဟယ်လင်လှ၊ နော်ဗရော်နီကာတို့၏ အစ်ကိုကြီး၊ နော်ဂျဲနူဦး[အထက်တန်းသူနာပြု-ငြိမ်း၊ လူမှုဖူလုံရေးဆေးခန်း၊ ကြည့်မြင်တိုင်]၏ ခင်ပွန်း၊ နော်အာရ်၊ ဂျေ၊ ဝီးလူး(ILBC)-စောနေတာမလာ၊ နော်အီးအမ်ဆီဆီ (မြောက်ဥက္ကလာဆေးရုံ)၊ စောစီဒေးဒေါ (CARNIVAL CRUISE LINE)-နော်မြတ်ထွေးတို့၏ဖခင်၊ စောသောမတ်(စ်)သသော၊ စောလု(ခ်)သတော၊ စောအမ်သဝါးတို့၏ အဘိုး စောအမ်ရွှေသီးသည် ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၉-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၄၄၈)၊ ဇီဝကလမ်း၊ (၄၇)ရပ်ကွက်၊ မ/ဒဂုံနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်ခင်နွယ်(ရေစကြို)

အသက် (၈၆)နှစ်

မလှိုင်မြို့နေ (ဦးပြုံး-ဒေါ်မိ)တို့၏ သမီး၊ ရေစကြိုမြို့နေ (ဦးပြုံး-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၁၄၈)နေ [ဦးအုန်းငွေ (ဒုအရာခံဗိုလ်၊ ငြိမ်း)]၏ ဇနီး၊ ဦးညီညီအေး-ဒေါ်ခင်လှမြင့်၊ ဒေါ်ခင်သန်းဆင့်၊ ဒေါ်ငြိမ်းငြိမ်း (စွမ်းအင်)၊ ဦးသိန်းဦး၊ ဦးငွေဦး-ဒေါ်တင်တင်လှ၊ ဦးတင်ဝင်း-ဒေါ်ထွေးထွေးမာ (လဝက)တို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်၏အဘွားသည် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၉-၂၀၁၃ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်(ရွှေဘို) (၈၇)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်
ဆက်သွယ်ရေးအရာရှိ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်

ရွှေဘိုမြို့နေ (ဦးငွေ-ဒေါ်စောတင်)တို့၏သား၊ စစ်ကိုင်းမြို့နေ (ဦးဖေချစ်-ဒေါ်ဒေါ်မေ)တို့၏ သားသမက်၊ (ဦးမောင်မောင်)-ဒေါ်သိန်းညွန့်တို့၏ ညီ၊ (ဦးဘငွေး)-ဒေါ်လှမူမူ၊ ဦးကိုကို-(ဒေါ်ခင်ခင်ဆွေ)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ ရန်အောင်တိုးခွဲ(၂)လမ်း၊ အမှတ်(၁၄၆-က)နေ (ဒေါ်ခင်သီ)၏ ခင်ပွန်း၊ ဦးဝင်းမြင့်အောင်-ဒေါ်ခင်စန်းနွယ်၊ ဒေါ်နီနီအောင် (ဆသရ-ငြိမ်း)၊ (ဦးမင်းအောင်)-ဒေါ်မြဦး [ဌာနမှူး၊ အမှတ်(၄) ခတ်မြေဩဇာစက်ရုံ]၊ ဒေါ်ခင်သောင်းဝင်း၊ ဦးသန်းထွန်းအောင်၊ ဒေါ်ထွေးထွေးအောင် (တော်ဝင်ပလာဇာ)၊ ဗိုလ်မှူးစိုးနိုင်ဦး(ငြိမ်း) (အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်)-ဒေါ်ခင်လေးအောင် (ကောင်းသင်း လက်ဖက်ခြောက်)၊ ဒေါ်ခင်အေးအောင်(ထ-၄၊ သာကေတ)၊ ဦးကျော်မြင့်အောင်-ဒေါ်ရင်ရင်အေး၊ ဦးကျော်ထွန်းသောင်း-ဒေါ်ခိုင်ခိုင်အောင်၊ ဦးမိုးဇော်-ဒေါ်နိုင်နိုင်အောင်(MFTB)၊ ဦးညိမ်းအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၆ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၉-၂၀၁၃ ရက် ညနေ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးထွေး(သထုံ) အသက်(၈၀)

မြို့နယ်ဦးစီးမှူး(ငြိမ်း) အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၁၀၂/ဘီ)နေ (ဦးစံငြိမ်း-ဒေါ်ကျေးသင်)တို့၏သား၊ (ဗိုလ်မှူးကွန်း-ဒေါ်ကြွေ)တို့၏ သားသမက်၊ ဒေါ်သောင်းသောင်းစိန်၏ခင်ပွန်း၊ မောင်ဝင်းသန်းဦး-မစုစုလတ်(လ/ထ ကထိက၊ ပုသိမ်တက္ကသိုလ်)၊ မောင်ဘုန်းကျော်လင်း-မမေလှိုင်ဦး၊ မောင်မြင့်သူထွေး-မနေဇာလွင်၊ မောင်ထွန်းအောင်ကျော်၊ မခင်မာထွေး(Cekap Venture Trd; Co., Ltd.)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ကျင်မွှေး(ခ)ဒေါ်အေးအေး(မုတ္တမ) (၆၃)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့နေ (ဦးအောင်စိန်-ဒေါ်ရွှေလှိုင်)တို့၏ သမီး၊ (ဦးအောင်သိန်း-ဒေါ်ကျင်ပွား)တို့၏ သမီးချွေးမ၊ (ဦးအန်းကူ)-ဒေါ်ဝမ်ကြည်တို့၏ညီမ၊ ဇင်းကျိုက်မြို့နေ (ဦးကင်းညွန့်)၊ ဒေါ်ချိုချိုဦးတို့၏အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ်(၃၂/၃၄)၊ မြေညီထပ်နေ [ဦးလှထွန်း (တိုင်းမန်နေဂျာ၊ မြန်မာ့မီးရထား-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ပဲခူးမြို့နေ ဦးသိန်းထွန်းဦး-ဒေါ်သင်းသင်းငွေး၊ ဦးဇော်မျိုးထွန်း-ဒေါ်စန္ဒာဝင်း၊(ဦးကျော်စိုးထွန်း)-ဒေါ်ဇာဇာစိုးခိုင်၊ ကိုအောင်မြင့်မြတ် (တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း)-မကြည်ကြည်ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုသိန်းဇော်ထူး(ပုဏ္ဏား)၏ အဒေါ်မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ကျင်မွှေး(ခ)ဒေါ်အေးအေးသည် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၃ (ကြာသပတေး နေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်ကြီး (၉၃)နှစ်

မော်ကွန်းဝင်ဒုတိယဆင့်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ် (၇/၃၄)၊ ငုဝါလမ်းနေ (ဦးလူဝ-ဒေါ်အေးမယ်)တို့၏ သား၊ (ဒေါ်စောမြိုင်)၏ ခင်ပွန်း၊ မုံရွာမြို့နေ ဒေါ်ခင်ကြည်၏ ဦးလေး၊ (ဦးဝင်းငွေး)-ဒေါ်အုန်းမြ၊ ဒေါ်ဝင်းကြည်၊ (ဒေါ်မြသိန်း)၊ ဦးစံလင်း-ဒေါ်ခင်သန်းနွဲ့၊ ဦးလှမြင့်-ဒေါ်မြင့်မြင့်ခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၇-၉-၂၀၁၃ (စနေနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

ဦးထွေး(နာယကကြီး)

အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၁၀၂/ဘီ)နေ (ဦးစံငြိမ်း-ဒေါ်ကျေးသင်)တို့၏ သား၊ (ဗိုလ်မှူးကွန်း-ဒေါ်ကြွေ)တို့၏ သားသမက်၊ ဒေါ်သောင်းသောင်းစိန်၏ ခင်ပွန်းသည် ၈-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်မိမိ (၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၉-H)၊ ရွှေသရဖီ(၁)လမ်း၊ FMI City နေ (ဦးဒီခရုဇ်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးစောဒိုနေးရှင်း-ဒေါ်ဂရေစီ)တို့၏ သမီးချွေးမ၊ ဦးမြင့်ခိုင်ရှင်း [စောကိုင်ဇာ (အကောက်ခွန်-ငြိမ်း)]၏ ဇနီး၊ နော်မိမိခိုင်၊ နော်ဂျူးဂျူး၊ စောမျိုးခိုင်ရှင်း၊ စောညီညီမြင့်-ဒေါ်နှင်းစပယ်ဆွေ၊ နော်ထူးထူးတို့၏မိခင်၊ မနိုရာညီမြင့် (Yangon Academy School)၏ အဘွားသည် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။[အမှတ်(၁၀)၊(၈၈)လမ်း၊ ကန်တော်ကလေးနေအိမ်မှ ကားများ နံနက် ၁၁ နာရီ ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးလှကြည် (၆၆)နှစ်

(ဘောက်ထော်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၃၃)၊ မိုးကောင်းလမ်းနေ (ဦးမောင်ကြီး-ဒေါ်ကျင်တီ-ဒေါ်အုန်းကြည်)တို့၏သား၊ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ (အောင်မျိုးကျော်)၊ အောင်မျိုးမြင့်တို့၏ ချစ်လှစွာသောဖခင် ဦးလှကြည်သည် ၇-၉-၂၀၁၃ရက် ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

စစ်တွေဆိပ်ကမ်း လမ်းပိုင်းများနှင့် တံတား တည်ဆောက်နေ

စစ်တွေ စက်တင်ဘာ ၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် လမ်းအရှည် ၆၀၃၅ ပေ၊ အကျယ် ၂၄ ပေ၊ ဒု ၈ လက်မရှိကွန်ကရစ်လမ်းခင်းလျက်ရှိသည်။ ထိုလမ်းမကြီးသည် ပွိုင့်(ရှုခင်းသာလမ်း)မှ စစ်တွေဟိုတယ်လမ်းအပိုင်း ကွန်ကရစ်လမ်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကွန်ကရစ်လမ်းတွင် လူသွားလမ်း (ပလက်ဖောင်း) တစ်ဖက်အကျယ် ငါးပေ၊ လမ်းမီးတိုင် ၄၀၊ (၃၀×၃ ဒသမ ၉×၂ ဒသမ ၃)ပေ ရှိအလှစိုက်ပန်းခုံ ၁၁၄ ခုနှင့် အပန်းဖြေထိုင်ခုံ ၁၅၀ တို့ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီလမှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင် လုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်သည်။

ထို့အပြင် စစ်တွေ သင်္ဘောဆိပ်မှ မြို့လယ်ချောင်းတံတားအထိ လမ်းအရှည် ပေ ၉၂၄၀၊ မြို့လယ်ချောင်းတံတားမှ မေယုလမ်းဆုံနာရီစင် အထိ ၁၇၇၄ ပေနှင့် မေယုလမ်းဆုံ နာရီစင်မှ ရှုခင်းသာကွန်ကရစ်လမ်းအထိ

စာမျက်နှာ ၉ ကော်လံ ၁သို့❖

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၈

ယနေ့ နံနက် ၇ နာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပိုရှစ်မျက်နှာ ပါရှိပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူများအား အိတ်ဖွင့်တင်ဒါဖြင့် စိတ်ဝင်စားမှုဖော်ပြ

စာမျက်နှာ - ၇

ယနေ့ မာတိကာ

ဆောင်းပါး

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှသည် နိုင်ငံတော်သစ်ဆီသို့

စာမျက်နှာ - ၆

အတွေးအရေး

သာယာချမ်းမြေ့ ပျော်ရွှင်စွာ နေထိုင်နည်း

စာမျက်နှာ - ၁၀

အားကစား

၂၀၂၀ အိုလံပစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ဂျပန်ကျင်းပခွင့်ရရှိ

စာမျက်နှာ - ၁၃



ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေအောက်မီးတောင် ပစိဖိတ်သမုဒ္ဒရာအတွင်း ရှာဖွေတွေ့ရှိ

ဟူစတန် စက်တင်ဘာ ၈

ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေအောက်မီးတောင်တစ်လုံးကို ပစိဖိတ်သမုဒ္ဒရာအတွင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေအောက်မီးတောင်ကို တာမူမက်ဆစ် (Tamu Massif) ဟုအမည်ပေးထားပြီး ယခင်ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေအောက်မီးတောင်အဖြစ် သတ်မှတ်ခံခဲ့ရသော မော်နာလိုအာ (Mauna Loa) မီးတောင်၏ အရွယ်အစားထက် အဆ ၆၀ ပိုမိုကြီးမားသည်။

တာမူမက်ဆစ် မီးတောင်သည် ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်း၌ တည်ရှိပြီး ယခုအခါ လှုပ်ရှားမှုမရှိသော မီးတောင်တစ်လုံးအဖြစ် ရှိနေသည်။

ဂျပန်နိုင်ငံအရှေ့ဘက် မိုင် ၁၀၀၀ ခန့်အကွာတွင် တည်ရှိသော အဆိုပါမီးတောင်ကို အမေရိကန်ပြည်ထောင်စုရှိ ဟူစတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

တာမူမက်ဆစ်မီးတောင်၏ အရွယ်အစားမှာ စတုရန်းမိုင် ၁၂၀၀၀၀ ခန့်ရှိမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❀

ကြယ်လိပ်ထိန်းသိမ်းရေးသဘောထား ဆန်းစစ် အနာဂတ်မျိုးဆက်များတိရစ္ဆာန်ထိန်းသိမ်းရေးပိုမိုပါဝင်လာမည်

နေပြည်တော် စက်တင်ဘာ ၈

ဇီဝမျိုးစုံမျိုးကွဲများသည် ကမ္ဘာမြေပေါ်ရှိ အပင်များ၊ တိရစ္ဆာန်နှင့် သေးငယ်သော အဏုဇီဝရုပ်များ၏ သက်ရှိလက္ခဏာ ပုံစံအမျိုးမျိုးနှင့် ၎င်းသက်ရှိတို့ပါဝင်နေသော ဂေဟဗေဒ ဖွဲ့စည်းမှုစနစ်များပင် ဖြစ်သည်။ ကမ္ဘာမြေကြီးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူသားတို့၏ ဘဝရှင်သန်တည်မြဲရေးအတွက် ဇီဝမျိုးကွဲတို့သည် မရှိမဖြစ်လိုအပ်ပေသည်။ ၎င်းတို့၏ အသုံးဝင်မှု၊ အကျိုးသက်ရောက်မှုများကို စာမျက်နှာ ၉ ကော်လံ ၁သို့❑



တောင်ငူတွင်ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၊ တစ်ဦးသေဆုံး

တောင်ငူ စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေးပုံမှန်လမ်း မိုင်တိုင်အမှတ် (၁၇၈/၅) ကန်ရိုးကျေးရွာအနီးတွင် စက်တင်ဘာ ၈ ရက် နံနက် ၂ နာရီခန့်က ကုန်တင်ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍